မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၃ ခုနှစ်၊ ဝါခေါင်လဆန်း ၅ ရက်၊ ၂၀၁၁ ခုနှစ်၊ ဩဂုတ် ၄ ရက်၊ ကြာသပတေးနေ့၊ အတွဲ (၅၀)၊ အမှတ် (၁၀၂)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး
* စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
* ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့်အညီ ခေတ်မီ ဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ်ရှိ အထူးအထွက်တိုး စံပြပေါင်းစည်း လယ်ယာသို့ လာရောက်ကြည့်ရှုလေ့လာကြသော ရေဆင်းစိုက်ပျိုးရေး တက္ကသိုလ်မှ ကျောင်းသား ကျောင်းသူများအား ရှင်းလင်းပြောကြားစဉ်။ (သတင်းစဉ်)

ကျေးလက်နေ ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရန် စိုက်ပျိုးရေးပညာရှင်များက တစ်ခန်း တစ်ကဏ္ဍမှ တာဝန်ယူဆောင်ရွက်

နေပြည်တော် ဩဂုတ် ၃

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် ယနေ့နံနက် ၈ နာရီတွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ်ရှိ အထူးအထွက်တိုး စံပြပေါင်းစည်းလယ်ယာသို့ လာရောက်ကြည့်ရှုလေ့လာကြသော ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာတင်ထွဋ် ဦးဆောင်သည့် စိုက်ပျိုးရေးတက္ကသိုလ် ကျောင်းသား ကျောင်းသူများအား စံပြပေါင်းစည်းလယ်ယာအတွင်း အထူးအထွက်တိုး စိုက်ခင်းစိုက်ကွက်များ၏ အခြေအနေများကိုပြသကာ ရှင်းလင်းမှာကြားရာတွင် ကျေးလက်နေတောင်သူ

လယ်သမားများ၏ ဆင်းရဲနွမ်းပါးမှုကိုလျှော့ချရာ၌ လယ်ယာစိုက်ပျိုးရေးကဏ္ဍသည် အလွန်အရေးပါကြောင်း၊ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန်အတွက် စိုက်ပျိုးရေးပညာရှင်များကလည်း တစ်ခန်း တစ်ကဏ္ဍမှ တာဝန်ယူဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ စိုက်ပျိုးရေးတက္ကသိုလ် ကျောင်းသား ကျောင်းသူများအနေဖြင့် မိမိနိုင်ငံ၏ အကျိုးစီးပွား ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ကမ္ဘာကို ရင်ပေါင်တန်းနိုင်သည့် စိုက်ပျိုးရေးကဏ္ဍတွင် အောင်မြင်သော နိုင်ငံတစ်ခုဖြစ်လာအောင် အထူးအထွက်တိုးမျိုးစေ့များ ပိုမိုထုတ်လုပ်ပေးရေး၊ လေ့ကျင့်ပေးရေးနှင့် သင်ကြားပေးရေး စသည့်အချက်များကို ကျေးလက်နေ တောင်သူလယ်သမားများထံအရောက် လက်ဆင့်ကမ်းပညာဝေငှသွားရန် လိုအပ်ကြောင်း၊ သို့မှသာ နည်းပညာနှင့် ခေတ်မီသည့် စိုက်ပျိုးနည်းစနစ်များဖြင့် အောင်မြင်ဖြစ်ထွန်းသည့် စိုက်ပျိုးရေးနိုင်ငံတစ်ခုအဖြစ် ဝင့်ထည်စွာပေါ်ထွန်းလာမည်ဖြစ်ကြောင်း၊ ထို့အတွက် မိမိတို့စိုက်ပျိုးရေးပညာရှင်များအနေဖြင့် တစ်ဦးချင်းတစ်ယောက်ချင်းစီက တာဝန်ရှိကြောင်း ခံယူကာ ရည်မှန်းချက်များကို တစိုက်မတ်မတ် ကြိုးပမ်းဆောင်ရွက်သွားကြရန် လိုအပ်ကြောင်းဖြင့် ပြောကြားသည်။

ရှင်းလင်းပြောကြား

ထို့နောက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းသန်းက *စာမျက်နှာ ၈ ကော်လံ ၁* ❐

စီးပွားရေး၊ လူမှုရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး မဏ္ဍိုင်(၃)ခု ဖွံ့ဖြိုးမှုရရှိရန် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို စနစ်တကျ ပေါင်းစည်းဆောင်ရွက်

နေပြည်တော် ဩဂုတ် ၃

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ ဒုတိယအကြိမ်အစည်းအဝေးကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ သစ်တောရေးရာဝန်ကြီးဌာန ကျွန်းရွှေဝါခန်းမ၌ ကျင်းပရာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ ဒုတိယဥက္ကဋ္ဌ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီဝင် ဒုတိယဝန်ကြီးများ၊ သစ်တောရေးရာဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ တာဝန်ရှိသူများ၊ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ တက်ရောက်ကြသည်။

ဝိုင်းဝန်းဆွေးနွေး

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းက အဖွင့်အမှာစကားပြောကြားရာ၌ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေတစ်ရပ်ပေါ်ထွန်းလာစေရေးအတွက် ဆွေးနွေးညှိနှိုင်းရန် ယခုအစည်းအဝေးကျင်းပခြင်းဖြစ်ကြောင်း၊ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးဆိုသည့် စီးပွားရေး၊ လူမှုရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး မဏ္ဍိုင်(၃)ခုစလုံး အချိုးညီညီဖွံ့ဖြိုးမှုရရှိရန်အတွက် စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို စနစ်တကျ ပေါင်းစည်းဆောင်ရွက်သွားနိုင်ရန်နှင့် မူဝါဒများကို လက်တွေ့ဆောင်ရွက်မှုအဖြစ်ဖော်ဆောင်နိုင်ရန်အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေရေးဆွဲပြဌာန်း ဆောင်ရွက်ခြင်းသည် အဓိကကျသည့် အချက်တစ်ရပ်ဖြစ်ကြောင်း၊ နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်နှင့်အညီ အမျိုးသားပတ်ဝန်းကျင်ရေးရာမူဝါဒကို အပြည့်အဝအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်နေသည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေပေါ်ထွန်းလာအောင် ဆောင်ရွက်ရန်လိုကြောင်း၊ သို့ဖြစ်၍ ယခင်ရေးဆွဲပြုစုထားပြီးဖြစ်သည့် ဥပဒေ(မူကြမ်း)အား လက်ရှိအခြေအနေနှင့် ကိုက်ညီအောင် ပြန်လည်ပြင်ဆင်ဖြည့်စွက်ရန်ရှိသည်များကို ဝိုင်းဝန်းဆွေးနွေး အကြံပြုပေးကြစေလိုကြောင်းဖြင့် ပြောကြားသည်။ *စာမျက်နှာ ၈ ကော်လံ ၁* ●

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးစည်းဝေး

သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ သစ်တောရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ ဒုတိယအကြိမ် အစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၁ ခုနှစ် ဩဂုတ် ၄ ရက်)

သိပ္ပံနည်းကျစိုက်စနစ်များအသုံးချစိုက်ပျိုး တောင်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုး

ယနေ့ခေတ်သည် ဇီဝနည်းပညာနှင့် နာနိုနည်းပညာများ အသုံးပြုပြီး ကမ္ဘာ့လူသားတို့၏ စားနပ်ရိက္ခာဖူလုံမှုအတွက် နိုင်ငံအားလုံးက ကြိုးပမ်းဆောင်ရွက်နေသည့်ကာလဖြစ်သည်။ ယင်းသို့ကြိုးပမ်းဆောင်ရွက်ချိန်၌ မြန်မာနိုင်ငံအနေဖြင့် ခေတ်နောက်ကျမကျန်ရန်၊ နိုင်ငံတကာဈေးကွက်၌ ယှဉ်ပြိုင်နိုင်ရန်နှင့် ပြည်သူများ၏ စားနပ်ရိက္ခာဖူလုံမှု၊ ပိုလျှံမှုရှိရန်အတွက် အထူးအထွက်တိုးမျိုးစေ့များ သုတေသနပြု စိုက်ပျိုးထုတ်လုပ်လျက်ရှိသည်။

ခေတ်မီသိပ္ပံနည်းကျစိုက်နည်းစနစ်များ အသုံးပြုစိုက်ပျိုးနိုင်ရေးအတွက် စိုက်ပျိုးရေးပညာရှင်များ၊ စိုက်ပျိုးရေးအထူးပြုကုမ္ပဏီများက စံပြစိုက်ပျိုးရေးပညာပေးစိုက်ကွင်းများ ထူထောင်စိုက်ပျိုးပြီး နည်းပညာများကို လက်တွေ့ပြသ ဆောင်ရွက်ပေးလျက်ရှိသည်။

စိုက်ပျိုးထုတ်လုပ်သည့် သီးနှံများအရည်အသွေးကောင်းမွန်ရေးအတွက် အဓိကလိုအပ်ချက်သည် အထွက်ကောင်းမျိုးသန့်များ အသုံးပြုရန်၊ ခေတ်မီသိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ်များ အသုံးပြုရန်နှင့် ဓာတ်မြေဩဇာ၊ သဘာဝဓာတ်မြေဩဇာများကို အချိန်ကိုက် အချိုးကျအသုံးပြု စိုက်ပျိုးသွားကြရန်ဖြစ်သည်။ သို့မှသာ သီးနှံများ အထွက်ကောင်းပြီး မျိုးကောင်းမျိုးသန့်သီးနှံများ ရရှိကြမည်ဖြစ်သည်။

ယခုအခါ နိုင်ငံတော်အစိုးရက ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအတွက် လုပ်ငန်းစဉ်(၈)ရပ် ချမှတ်ဆောင်ရွက်လျက်ရှိရာ ကျေးလက်ဒေသ အသေးစားထုတ်ကုန်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသခံတောင်သူများအား အထောက်အပံ့ဖြစ်စေမည့် လုပ်ငန်းရှင်များနှင့် ချိတ်ဆက်ပေးကာ စိုက်ပျိုးစရိတ်များ၊ သွင်းအားစုများကို သက်သာသောအတိုးနှုန်းဖြင့် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။ တောင်သူများအနေဖြင့်လည်း မိမိလယ်မြေကို ချစ်မြတ်နိုးပြီး ဝင်ငွေပိုမိုရရှိရန် မျိုးကောင်းမျိုးသန့်များ၊ အထွက်တိုးစပါးမျိုးများ ရွေးချယ်စိုက်ပျိုးကြရမည်ဖြစ်သည်။

သို့ဖြစ်ပေရာ စပါးတစ်ဧက တင်း ၁၀၀ နှုန်းအထက်ထွက်ရန် သိပ္ပံနည်းကျစိုက်စနစ် (၁၄)ချက်ကို တောင်သူများ လိုက်နာဆောင်ရွက်ပြီး ဒေသနှင့်ကိုက်ညီသော အထွက်ကောင်းမျိုးကို ရွေးချယ်စိုက်ပျိုးပါက တောင်သူများ ဝင်ငွေတိုးတက်ပြီး လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်မြင့်မားလာမည်ဖြစ်ပါကြောင်း အကြံပြုရေးသားလိုက်ရပါသည်။ ။

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။

* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည်။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။

* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။

* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။

* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြစ်သားမြို့နယ်၌ စပါးခင်းများအတွင်း ငါးရှဉ့်မျိုးစိုက်ထည့်

ကျောက်ဆည် ဩဂုတ် ၃

ငါးသယံဇာတ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျောက်ဆည်ခရိုင် ငါးလုပ်ငန်းဦးစီးဌာနက မြစ်သားမြို့နယ် သီလင်ကျေးရွာအုပ်စုနှင့် ခန္တီးကြီးကျေးရွာအုပ်စုတို့တွင် ဇူလိုင် ၂၂ ရက် နံနက် ၉ နာရီက စပါးခင်းများနှင့် သဘာဝကွင်းများအတွင်းသို့ ငါးရှဉ့်မျိုးစိုက်ထည့်ပွဲ ကျင်းပသည်။ (အပေါ်ပုံ)

ရှင်းလင်းပြောကြား

အခမ်းအနားတွင် ရှေးဦးစွာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအုန်းသန်းက အမှာစကားပြောကြားပြီး ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးသက်အေးက ငါးရှဉ့်မျိုးစိုက်ထည့်ရခြင်း နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် မန္တလေးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးတင်မောင်ကြည်နှင့် တာဝန်ရှိသူများက ဒေသခံတောင်သူများအား ငါးရှဉ့်မျိုးကီလိုဂရမ် ၁၅၀ (ကောင်ရေ ၇၅၀၀ ခန့်) ကို ပေးအပ်ကာ စပါးခင်းများနှင့်သဘာဝကွင်းများအတွင်းသို့ ငါးရှဉ့်မျိုးများ စိုက်ထည့်ခဲ့ကြကြောင်း သိရှိရသည်။ (၄၁၀)

ပညာရည်ချွန်ဆုပေးပွဲ ညောင်လေးပင်မြို့၌ ကျင်းပ

ညောင်လေးပင် ဩဂုတ် ၃

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၏ ၂၀၁၁ ခုနှစ် မိဘဆရာအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို ဇူလိုင် ၃၀ ရက် နံနက် ၁၀ နာရီက အဆိုပါကျောင်း၌ ကျင်းပရာ အခမ်းအနားတွင် ကျောင်းအုပ်ဆရာကြီး ဦးဝင်းသိန်း အမှာစကားပြောကြားပြီး မိဘဆရာအသင်း အတွင်းရေးမှူး ဆရာဦးသောင်းမြင့်က အမှုဆောင်သစ်ရွေးချယ်ခြင်းနှင့် ငွေစာရင်းရှင်းတမ်းကို ဖတ်ကြားရှင်းလင်းသည်။

ဆုချီးမြှင့်

ထို့နောက် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ ၂၀၁၀-၂၀၁၁ခုနှစ်တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာစုံဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သော မကြယ်စင်လင်းအား ကျောင်းအုပ်ဆရာကြီး ဦးဝင်းသိန်း (အပေါ်ပုံ)က ဆုချီးမြှင့်ခဲ့ကြောင်း သိရှိရသည်။ (၁၃၈)

ကြီးကြပ်ဆောင်ရွက်

ပြင်ဦးလွင်မြို့နယ် ပွဲကောက်လမ်း ကျေးလက်ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းကို ဇူလိုင်၁၀ ရက်က လက်ထောက်ညွှန်ကြားရေးမှူး ဦးထွန်းအောင်ခင်နှင့် အင်ဂျင်နီယာမှူး ဦးသန်းထိုက်ဦးတို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။

(မြို့နယ်စည်ပင်)

ရမည်းသင်းမြို့ ပြည်သူ့ဆေးရုံ၌ စုပေါင်းသန့်ရှင်း

ရမည်းသင်း ဩဂုတ် ၃

ရမည်းသင်းမြို့ ပြည်သူ့ဆေးရုံ သန့်ရှင်းသာယာလှပရေးအတွက် စုပေါင်းသန့်ရှင်းရေးကို ဇူလိုင် ၃၁ ရက် နံနက် ၇ နာရီက ကျင်းပရာ ဌာနဆိုင်ရာများမှ ဝန်ထမ်းများ၊ ဆေးရုံဝန်ထမ်းများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များက ဆေးရုံဝင်းအတွင်း အပြင်ရှိ ချုံနွယ်များကို စုပေါင်းသန့်ရှင်းရေး ပြုလုပ်ခဲ့ကြကြောင်း သိရှိရသည်။ (၄၀၆)

တစ်ချက်တည်းကျင်းဝင်

ရန်ကုန် ဩဂုတ် ၃

ဦးမင်းသိန်း (ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်)သည် ဇူလိုင် ၃၀ ရက်က ရန်ကုန်ဂေါက်ကလပ် (တည်းကုန်း)၌ ကစားဖော်များဖြစ်ကြသည့် ဦးကျော်မင်းဦး၊ ဦးစိန်လွင်၊ ဦးအောင်မျိုးသူ၊ ဒေါက်တာ တင်အောင်လင်းတို့နှင့်အတူ ဂေါက်သီးရိုက်ကစားနေစဉ် ၁၆၅ ကိုက်ကွာဝေးသော ကျင်းအမှတ် (၄) သို့အရောက် Srixon AD 333 No.2 ဘောလုံးကို XXIO Prime Iron No.7 ဖြင့် ရိုက်လိုက်ရာ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားကြောင်း သိရသည်။

(ဂေါက်သီးအဖွဲ့ချုပ်)

နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးရေး ဝမ်းတွင်းမြို့နယ်၌ ဆောင်ရွက်

ဝမ်းတွင်း ဩဂုတ် ၃

မိတ္ထီလာခရိုင်တွင် နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုလူဦးရေစာရင်းများထုတ်ပေးခြင်း၊ နိုင်ငံသားကိုယ်ရေးအချက်အလက်များ ကောက်ယူခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၂၆ ရက်က မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် ရွာရှည်ကျေးရွာအုပ်စုတွင် ခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူး ဦးဝင်းကိုနှင့်ဝန်ထမ်းများ၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနဦးစီးမှူး ဦးကျော်ဌေးနှင့် ဝန်ထမ်းများက ကျေးလက်ပြည်သူ ၅၄ ဦးအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေးသည်။

ရှင်းလင်းပြောကြား

ယင်းနောက် ဒုတိယ ညွှန်ကြားရေးမှူး ဦးဝင်းကိုက ဒေသခံပြည်သူများ၏ မေးမြန်းချက်များကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရှိရသည်။ (ယာပုံ) (၄၁၄)

ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်သိန်းဌေးအား တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဧည့်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် ဩဂုတ် ၃

နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် မြန်မာ့စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်သိန်းဌေးအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ China Electronics Technology Group Corporation (CETC)President Mr.Yan Lijin နှင့် အဖွဲ့သည် ယနေ့မွန်းလွဲ ၂ နာရီခွဲတွင် နေပြည်တော်ရှိ မြန်မာ့စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ၍**(ယာပုံ)** မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အကြား အီလက်ထရွန်နစ်နည်းပညာဖွံ့ဖြိုးရေးနှင့် ထုတ်လုပ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မည့် အစီအစဉ်များနှင့်စပ်လျဉ်းပြီး ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။**(သတင်းစဉ်)**

ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက်အား တရုတ်နိုင်ငံမှ ဧည့်သည်အဖွဲ့များ သီးခြားစီ လာရောက်တွေ့ဆုံ

နေပြည်တော် ဩဂုတ် ၃

သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့ Poly Mining Co.,Ltd. Vice-President Mr. Liu Jie နှင့်အဖွဲ့သည် ယနေ့ နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး **(အပေါ်ဝဲပုံ)** သတ္တုတူးဖော်ထုတ်လုပ်ရေးနှင့်စပ်လျဉ်း၍ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာများ ဆွေးနွေးခဲ့ကြသည်။

အလားတူ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ကူမင်းမြို့ အခြေစိုက် China National Complete Plant Imp & Exp. Yunan Co., Ltd. (COMPLANT YUNAN) ဥက္ကဋ္ဌ Mr. Zhang Hui နှင့်အဖွဲ့သည် မွန်းတည့် ၁၂ နာရီတွင် ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံကြသည်။

တက်ရောက်

ယင်းတွေ့ဆုံပွဲများသို့ သတ္တုတွင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ အမှတ် (၂) သတ္တုတွင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးနှင့် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးတို့ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။**(သတင်းစဉ်)**

ပြည်ထောင်စုဝန်ကြီး ဦးသိန်းထွန်းအား အိန္ဒိယနိုင်ငံသံအမတ်ကြီး လာရောက်တွေ့ဆုံ

နေပြည်တော် ဩဂုတ် ၃

ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီးဦးသိန်းထွန်းအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံသံအမတ်ကြီး H.E. Dr. Villur Sundararajan Seshadri သည် ယနေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး **(ယာပုံ)**နှစ်နိုင်ငံမိုဘိုင်းလ် ဆက်သွယ်မှုကဏ္ဍတွင် တိုးမြှင့်ပူးပေါင်းဆောင်ရွက်ရေး၊ မန္တလေး-ကလေး-တမူးဆက်သွယ်ရေး ဆက်ကြောင်း အဆင့်မြှင့်တင်ရေး၊ အိုင်တီကဏ္ဍတွင် နှစ်နိုင်ငံကုမ္ပဏီများ ပူးပေါင်းလုပ်ကိုင်နိုင်သည့် နယ်ပယ်ရှာဖွေလုပ်ကိုင်ရေးနှင့် နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးကိစ္စများကို ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

ထိုသို့တွေ့ဆုံရာတွင် ဒုတိယဝန်ကြီး ဦးတင့်လွင်နှင့် ဌာနဆိုင်ရာ အကြီးအကဲများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သုံးထပ်သားပြား ပေးအပ်လှူဒါန်းပွဲ ဟားခါး၌ ကျင်းပ

နေပြည်တော် ဩဂုတ် ၃

ချင်းပြည်နယ် ဟားခါးမြို့နယ် ချွန်ကျုံးကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း မျက်နှာကြက်အတွက် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းက လှူဒါန်းသည့် သုံးထပ်သားပြား ၃၇၅ ချပ် လှူဒါန်းပွဲ အခမ်းအနားကို ဩဂုတ် ၁ ရက် နံနက် ၁၀ နာရီခွဲက ပြည်နယ်အစိုးရ အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးဟုန်းငိုင်းက နှုတ်ခွန်းဆက်စကားပြောကြားပြီး ပြည်ထောင်စုဝန်ကြီးကိုယ်စား သုံးထပ်သားပြားများကို ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာကြီးနှင့် ကျောင်းအကျိုးတော်ဆောင်များက လက်ခံခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၄-၈-၂၀၁၁ (ကြာသပတေးနေ့)

နံနက်ပိုင်း

၆:၃၀	MRTV-4 သတင်း
၆:၅၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ** (အပိုင်း-၈၅)
၇:၃၀	**FIFA U-20 World Cup Colombia 2011 (Australia Vs Costa Rica) (Live)**
၉:၃၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မာယာမျဉ်းပြိုင်** (အပိုင်း-၂၇)
၁၀:၂၀	MRTV-4 7th Anniversary Live Show [Day 1 (Part-3)]
၁၀:၀၅	သီချင်းကောင်းကောင်း သီချင်းတောင်း
၁၁:၃၀	The Champion of Dance
၁၂:၀၅	Activities in the City (မိုးကုတ်ဝိပဿနာတရားစဉ်နှင့် လုပ်ငန်းစဉ်ပြန့်ပွားရေးအသင်းကြီး၏ ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲ)
၁၂:၂၀	သပြေကန်တောရဂုဏ်ပူဇော နှစ်(၁၀၀) စာစောင်ထုတ်ဝေခြင်း
၁၂:၄၀	ဝါဆိုမိသားစု၏ ဝါဆိုအလှူ
၁:၀၀	**ကြိုက်ရာရွေး** တရားတော် (ဆရာတော် ဓမ္မဒူတအရှင်ပညာဝရ)
၂:၀၀	MRTV-4 သတင်း
၂:၂၀	Quiz Idol
၃:၁၀	ရခိုင်မင်္ဂလာစည်ဗျောသံသာ မဏ္ဍလာရာမကျောင်းတိုက်မှ အလှူတော်မင်္ဂလာ
၃:၂၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ** (အပိုင်း-၈၅)
၄:၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မာယာမျဉ်းပြိုင်** (အပိုင်း -၂၇)
၄:၅၀	Activities in the City (ကောင်းသန့်စာပေမှ ထုတ်ဝေသည့် စာအုပ်များနှင့် မိတ်ဆက်ပွဲ)
၅:၀၅	အနုပညာရုပ်ဝန်းမှ ရင်ခုန်သံများ **ခုနစ်ထွေ ကေရီ** ဗီဒီယိုရိုက်ကွင်း
၅:၂၅	ဆေးလိပ်ဖြတ်ပွဲအခမ်းအနား [ပါမောက္ခခင်မောင်ဝင်း(အသည်း)]
၅:၄၀	အနုပညာမိုးကောင်းကင်
၆:၀၀	MRTV -4 သတင်း
၆:၂၀	MRTV -4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ** (အပိုင်း-၈၆)
၇:၀၀	MRTV-4 7th Anniversary Live Show [Day 1 (Part-4)]
၈:၀၀	MRTV -4 သတင်း
၈:၃၀	**စကားနပန်း** (ကြော်ငြာတာကောင်းတယ်၊ မကြော်ငြာတာကောင်းတယ်)
၉:၃၀	MRTV -4ရုပ်သံဇာတ်လမ်းတွဲ **မာယာမျဉ်းပြိုင်** (အပိုင်း-၂၈)
၁၀:၂၀	**FIFA U-20 World Cup Colombia 2011 (Saudi Arabia Vs Guatemala) (Delay)**
၁၂:၀၅	Style ရှိမှ Star ဖြစ်မယ်
၁:၀၅	အနာဂတ်ရင်သွေးငယ်များ၏ အရည်အသွေး (ပါမောက္ခဒေါက်တာမြင့်မောင်မောင်)
၁:၂၀	မြတ်နိုးဖွယ်ရာမြေမြန်မာ ဆင်ယင်ခြယ်သသုံးရာသီအလှ (ဆောင်းရာသီဖက်ရှင်)
၂:၀၀	**FIFA U-20 World Cup Colombia 2011 (Croatia Vs Nigeria) (Delay)**
၃:၄၅	**နောက်မကျစေရအောင်** မင်းသူ၊ မိုးပြည့်ပြည့်မောင် (ဒါရိုက်တာ-ကြည်စိုး)
၃:၅၅	စွမ်းရည်မြင့်မား လယ်ယာ (၁၆) လက်တွန်းထွန်စက်တာယာများ
၄:၃၀	**FIFA U-20 World Cup Colombia 2011 (Mexico Vs England) (Live)**

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ရှေးဟောင်းယဉ်ကျေးမှု အဆောက်အအုံများ တန်ဖိုးကြီးမားပြီ ပြည်သူများ ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရန် ပညာပေးလှုံ့ဆော်

နေပြည်တော် ဩဂုတ် ၃

ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်သည် ဇူလိုင် ၃၁ရက် မွန်းလွဲပိုင်းက အမျိုးသားဇာတ်ရုံ(မန္တလေး)၌ မန္တလေးဒေသရှိ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့်တွေ့ဆုံပြီး ဝန်ကြီးဌာန၏ လုပ်ငန်းလမ်းညွှန်ချက်များဖြစ်သည့် မြန်မာ့ယဉ်ကျေးမှုကို လူငယ်လူရွယ်များအကြား ထိုးဖောက်ဝင်ရောက်နိုင်အောင် ဆောင်ရွက်ရန်၊ ကျောက်ခေတ်၊ ကြေးခေတ်၊ သံခေတ်မှ မြို့ပြခေတ်အထိ စဉ်ဆက်မပြတ် တိုးတက်လာသည့် မိမိတို့လူမျိုး၏ ရှည်လျားသည့် ယဉ်ကျေးမှု သမိုင်းအစဉ်အလာကို ပြည်သူများက တန်ဖိုးထားဂုဏ်ယူမြတ်နိုးလာအောင် ဆောင်ရွက်ရန်၊ ယဉ်ကျေးမှုအနုပညာများ၊ ရှေးဟောင်းယဉ်ကျေးမှု အဆောက်အအုံနှင့် အနုလက်ရာများ၏ တန်ဖိုးကြီးမားမှုကို ပြည်သူများ သိရှိနားလည်ပြီး ကာကွယ်ထိန်းသိမ်း စောင့်ရှောက်လိုသည့်စိတ်ဖြစ်ပေါ်လာအောင် ပညာပေးလှုံ့ဆော်ရန် မှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်အဖြစ် ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ထားသည့် ဦးပိန်တံတား**(ယာပုံ)**၊ တိလောကဂုရုလိုဏ်ဂူ၊ အရိယာဝံသကျောင်း၊ ထူပါရုံဘုရားဝင်းအတွင်းရှိ ကျောက်စာရုံ၊ အစေခံတပ်၊ ဗုဒ္ဓဝင်ပြတိုက်နှင့် ယဉ်ကျေးမှုပြတိုက် ခင်းကျင်းပြသထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဒုတိယဝန်ကြီးသည် ဩဂုတ် ၁ ရက် နံနက်ပိုင်းတွင် အင်းဝဒေသရှိ လောကဒုဿမာန်အောင်ဘုရား၊ မြင့်မိုရ်တောင်စူဠာမဏိဘုရား၊ ကြောင်လိမ်ဘုရား၊ ဝဏ်ပါဘုရား၊ ကိုးဆူတန်းဘုရားများ၊ ဗားမဲ့ခေါ် ဗားကရာသစ်သားကျောင်း၊ တလေးကျေးတောင်ညိုစေတီရှိ နံရံဆေးရေးပန်းချီများနှင့် ပင်းယဒေသရှိ ဂူကြီးသုံးလုံးဘုရားများနှင့် အင်းဝရှေးဟောင်းသုတေသနပြတိုက်တို့ကို ကြည့်ရှုစစ်ဆေးသည်။ ညနေပိုင်းတွင် အမျိုးသားဇာတ်ရုံ(မန္တလေး)၌ အများပြည်သူတို့အား တင်ဆက်ပြသမည့် ယဉ်ကျေးမှုဖျော်ဖြေပွဲ အစီအစဉ်များ လေ့ကျင့်မှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် မန္တလေးတိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဦးဖုန်းဇော်ဟန်နှင့် တွေ့ဆုံ၍ ယဉ်ကျေးမှုဆိုင်ရာလုပ်ငန်းများကို ဆွေးနွေးသည်။

ဒုတိယဝန်ကြီးသည် ဩဂုတ် ၂ရက် နံနက်ပိုင်းတွင် မန္တလေးမြို့ရှိ ရွှေနန်းတော်ကျောင်း၊ မဟာအတုလဝေယံ (အတုမရှိကျောင်း)၊ မြနန်းစံကျော်ရွှေနန်းတော်နှင့် အမရပူရ ကျောက်တော်ကြီးဘုရားရှိ နံရံဆေးရေးပန်းချီ၊ မန္တလေး ယဉ်ကျေးမှုပြတိုက်နှင့်သုခမ္မာဇရပ်များ ပြုပြင်ထိန်းသိမ်းရေး ဆောင်ရွက်မှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံ ဆရာဝန်အသင်း ဟောပြောပွဲကျင်းပမည်

ရန်ကုန် ဩဂုတ် ၃

မြန်မာနိုင်ငံ ဆရာဝန်အသင်း (ဗဟို) နှင့် အထွေထွေရောဂါကု ဆရာဝန်များအဖွဲ့ကကြီးမှူး၍ ဆရာဝန်နှင့်လူနာကြား ဆက်ဆံရေးတိုးတက်စေရေး ခေါင်းစဉ်ဖြင့် ဟောပြောပွဲကို ဩဂုတ် ၆ ရက် (စနေနေ့) မွန်းလွဲ ၁၂ နာရီခွဲမှ ညနေ ၄နာရီအထိ မြန်မာနိုင်ငံဆရာဝန်အသင်း ခန်းမဆောင် (အေ)တွင် ကျင်းပမည်ဖြစ်ရာ စိတ်ပါဝင်စားသော ဆရာဝန်များအားလုံး တက်ရောက်နိုင်ကြောင်း သိရှိရသည်။ **(ဆရာဝန်အသင်း)**

အာဖဂန်တွင် အသေခံဗုံးခွဲမှုကြောင့် ၁၂ ဦးသေဆုံး၊ အချို့ဒဏ်ရာရ

ကဘူးလ် ဩဂုတ် ၃

အာဖဂန်နစ္စတန်နိုင်ငံမြောက်ပိုင်းတွင် ဩဂုတ် ၂ရက်က အသေခံဗုံးခွဲမှုတစ်ရပ်ဖြစ်ပွားရာ လုံခြုံရေးအစောင့်တပ်သား သုံးဦးသေဆုံးခဲ့သည်။ ကွန်ဒုတ်မြို့တွင်းရှိ အဆောက်အအုံတစ်ခု၏ဝင်ပေါက်အနီးတွင် အသေခံဗုံးခွဲသမားက ဗုံးခွဲတိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။ (ဝဲပုံ)

ပစ်ခတ်

အခြားလက်နက်ကိုင်နှစ်ဦးလည်း ယင်းအဆောက်အအုံအတွင်းဝင်ရောက်ခဲ့ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် အပြန်အလှန်ပစ်ခတ်ကြကြောင်း၊ ထိုတိုက်ခိုက်မှု၌ ကိုးဦးသေဆုံးခဲ့ပြီး ဒဏ်ရာရသူအချို့ရှိကြောင်း သိရသည်။

ပစ်မှတ်ထား

အဆိုပါ အဆောက်အအုံသည် နိုင်ငံခြားသားများ တည်းခိုနေသည့် တည်းရိပ်သာတစ်ခုဖြစ်ပြီး နိုင်ငံခြားသားများမှာ အနောက်ဘက်ထွက်ပေါက်မှ လွတ်မြောက်သွားခဲ့ကြောင်း သတင်းတစ်ရပ်တွင်ဖော်ပြသော်လည်း အခြားသတင်းတစ်ရပ်တွင်မူ လုံခြုံရေးရာလုပ်ငန်းဌာနချုပ်ကို ပစ်မှတ်ထားဗုံးခွဲသည်ဟု ဖော်ပြထားသည်။

ပိုမိုဖြစ်ပွား

မြို့ရှိဈေးဆိုင်ပိုင်ရှင်တစ်ဦးက "တစ်မြို့လုံး တုန်လှုပ်ခါသွားအောင် အတော်လေးကျယ်လောင်တဲ့ ပေါက်ကွဲသံကြီး ကြားလိုက်ရပါတယ်" ဟု သတင်းဌာနသို့ ပြောကြားခဲ့သည်။ ကွန်ဒုတ်ပြည်နယ်သည် ယခင်က နိုင်ငံတွင်းအခြားဒေသများထက် ငြိမ်းချမ်းမှုပိုမိုရှိခဲ့သော်လည်း မကြာသေးမီကာလများအတွင်း မတည်မငြိမ်ဖြစ်မှုများ၊ ဗုံးခွဲတိုက်ခိုက်မှုများ ပိုမိုဖြစ်ပွားလာခဲ့သည်။ **(အင်တာနက်)**

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်မှုကြောင့်
အီရတ်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှုအခြေအနေ

ဘဂ္ဂဒက် ဩဂုတ် ၃

အီရတ်နိုင်ငံသို့ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက် ဝင်ရောက်ခဲ့သည်မှာ အချိန်ကာလကြာမြင့်ခဲ့ပြီဖြစ်သည်။

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ၏ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့မှုကြောင့် အီရတ်ပြည်သူအများအပြား နေ့စဉ် သေဆုံး၊ ဒဏ်ရာရလျက်ရှိသည်။

အီရတ်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု

အီရတ်နိုင်ငံသို့ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက် ဝင်ရောက်ခဲ့သည့်အချိန်မှစတင်ပြီး ဩဂုတ် ၃ ရက်အထိ သေဆုံးခဲ့သည့် အီရတ်ပြည်သူ ဦးရေမှာ **၇၀၆၆၇၇** ဦးရှိပြီး အပြင်းအထန် ထိခိုက်ဒဏ်ရာရရှိသူဦးရေမှာ **၁၂၈၀၃၄၉** ဦးဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြထားသည်။

စဉ်	အကြောင်းအရာ	အရေအတွက်
၁။	သေဆုံးသူ အီရတ်ပြည်သူများ	၇၀၆၆၇၇ ဦး
၂။	အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူ အီရတ်ပြည်သူများ	၁၂၈၀၃၄၉ဦး

(အင်တာနက်)

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်မှုကြောင့်
အာဖဂန်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှုအခြေအနေ

ကဘူးလ် ဩဂုတ် ၃

အာဖဂန်နစ္စတန်နိုင်ငံသို့ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက် ဝင်ရောက်ခဲ့သည်မှာ အချိန်ကာလ ကြာမြင့်ခဲ့ပြီဖြစ်သည်။

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ၏ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့မှုကြောင့် အာဖဂန်ပြည်သူအများအပြား နေ့စဉ် သေဆုံး၊ ဒဏ်ရာရလျက်ရှိသည်။

အာဖဂန်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု

အာဖဂန်နစ္စတန်နိုင်ငံသို့ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက် ဝင်ရောက်ခဲ့သည့်အချိန်မှစတင်ပြီး ဩဂုတ် ၃ ရက်အထိ သေဆုံးခဲ့သည့် အာဖဂန်ပြည်သူဦးရေမှာ **၃၄၁၅၁** ဦးရှိပြီး အပြင်းအထန် ထိခိုက်ဒဏ်ရာရရှိသူဦးရေမှာ **၄၁၈၁၃** ဦးဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြထားသည်။

စဉ်	အကြောင်းအရာ	အရေအတွက်
၁။	သေဆုံးသူ အာဖဂန်ပြည်သူများ	၃၄၁၅၁ ဦး
၂။	အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူ အာဖဂန်ပြည်သူများ	၄၁၈၁၃ ဦး

(အင်တာနက်)

အီရတ်၌ ဗုံးခွဲမှုနှင့်ပစ်ခတ်မှုများ ဖြစ်ပွား သေဆုံး၊ ဒဏ်ရာရမှုများဖြစ်ပေါ်

ဘဂ္ဂဒက် ဩဂုတ် ၃

အီရတ်မြောက်ပိုင်း ကယ်ကွတ်မြို့နှင့် ဘဂ္ဂဒက်မြို့အနီးတွင် ဩဂုတ် ၂ ရက်က ဗုံးခွဲတိုက်ခိုက်မှုများဖြစ်ပွားခဲ့ရာ အီရတ်တပ်ဖွဲ့ဝင် နှစ်ဦးနှင့် အရပ်သားတစ်ဦးတို့ သေဆုံးပြီး ခုနစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း အီရတ်ရဲတပ်ဖွဲ့က ဩဂုတ် ၃ ရက်၌ ပြောကြားသည်။ **(ယာပုံ)**

သေဆုံး

ဘဂ္ဂဒက်မြို့အနောက်ဘက် ကီလိုမီတာ ၂၀ ခန့်အကွာ အဘူဂါရိစ်ဒေသရှိ အယ်ရီဆာလာခရိုင်တွင် ဗုံးပေါက်ကွဲမှုဖြစ်ပွားရာ အရပ်သားတစ်ဦးသေဆုံးပြီး သုံးဦး ဒဏ်ရာရရှိခဲ့သည်။

ဒဏ်ရာရ

တစ်ဖန် ကယ်ကွတ်မြို့တောင်ပိုင်းတွင် မောင်းနှင်လာသော ကားတစ်စီးကို သေနတ်သမားများပစ်ခတ်မှုကြောင့် ကားပေါ်မှ အီရတ်စစ်ဘက်အရာရှိတစ်ဦး သေဆုံးခဲ့ရသည်။ ထို့အတူ ကယ်ကွတ်မြို့ လမ်းမကြီးတစ်လမ်းပေါ်၌ ဗုံးခွဲတိုက်ခိုက်မှုကြောင့် ထရပ်ကားယာဉ်မောင်းတစ်ဦး ဒဏ်ရာရရှိပြီး ကားပျက်စီးသွားခဲ့သည်။ ယင်းဗုံးခွဲတိုက်ခိုက်မှုတွင် အခြားအရပ်သားသုံးဦးလည်း ဒဏ်ရာရရှိခဲ့သည်။

အီရတ်နိုင်ငံသို့ ၂၀၀၃ ခုနှစ်မှ စတင်ကာ အမေရိကန်နှင့် အပေါင်းပါတို့ ကျူးကျော် ဝင်ရောက်ခဲ့ပြီးနောက်ပိုင်း ယနေ့တိုင် ဗုံးခွဲတိုက်ခိုက်မှုများကြောင့် အီရတ်ပြည်သူအများအပြား သေဆုံးနေရလျက်ရှိသည်။

(အင်တာနက်)

မြန်မာ့အလင်း နောက်ဆုံးရ နိုင်ငံတကာသတင်း

မိုးမြင့်လင်းလက် – စုစည်းသည်

ဘရာဇီး၌ စစ်ဘက်လေယာဉ်ပျက်ကျ၊ ရှစ်ဦးသေဆုံး

ရီယိုဒီဂျနေရိုး ဩဂုတ် ၃

ဘရာဇီးနိုင်ငံတောင်ပိုင်း ဆန်တာကာတာရီနာပြည်နယ်တွင် ဩဂုတ် ၂ ရက်က ဘရာဇီးလေတပ်မှ စစ်ဘက်လေယာဉ်တစ်စင်းပျက်ကျခဲ့ရာ လေယာဉ်ပေါ်ပါရှိသူ ရှစ်ဦးစလုံးသေဆုံးခဲ့ကြောင်း ဘရာဇီးစစ်ဘက်က ဩဂုတ် ၃ ရက်၌ သတင်းထုတ်ပြန်သည်။

၎င်းလေယာဉ်သည် ရီယိုဒီဂျနေရိုးမြို့မှ ယင်းနေ့ဒေသစံတော်ချိန် နံနက် ၁၁ နာရီ ၃၅ မိနစ်က ပျံသန်းထွက်ခွာလာရာ ဆန်တာကာတာရီနာပြည်နယ် ဖိုလိုရီရာနိုပိုလစ်မြို့မှ ၁၃၅ ကီလိုမီတာအကွာ လျှိုမြောင်တစ်ခုအတွင်း ပျက်ကျခဲ့ခြင်းဖြစ်သည်။

မီးလောင်ပေါက်ကွဲ

အဆိုပါလေယာဉ်သည် ဘရာဇီးလေတပ် ထောက်ပံ့ရေးလေယာဉ်အုပ်စုမှ စီ-၉၈အေ အမျိုးအစားလေယာဉ်တစ်စင်းဖြစ်ကာ မီးလောင်ပေါက်ကွဲမှုဖြစ်ပွားပြီးပျက်ကျခဲ့ခြင်းဖြစ်ကြောင်း မျက်မြင်တွေ့ရှိသူတစ်ဦးကပြောကြားသည်။

ယခုဖြစ်ရပ်သည် ၂၀၁၁ခုနှစ်အတွင်း ဘရာဇီးလေတပ်၏ ငါးကြိမ်မြောက်လေယာဉ်ပျက်ကျမှုဖြစ်ပြီး သေဆုံးသူ စုစုပေါင်း ၁၃ ဦးရှိခဲ့ပြီဖြစ်သည်။ ဘရာဇီးလေတပ်က ယခုလေယာဉ်ပျက်ကျမှုနှင့်ပတ်သက်ပြီး စုံစမ်းစစ်ဆေးမှုများ ပြုလုပ်လျက်ရှိသည်။ **(ယာပုံ)** **(အင်တာနက်)**

အီမီလီမုန်တိုင်း၊ ဟွာတီရီကိုနိုင်ငံသို့ ဝင်ရောက်တိုက်ခတ်

မက္ကဆီကိုစီးတီး ဩဂုတ် ၃

ကာရစ်ဘီယံပင်လယ် အရှေ့မြောက်ပိုင်းတွင် ဖြစ်တည်နေသော အီမီလီမုန်တိုင်းသည် ပွာတိုရီကိုနိုင်ငံသို့ ဩဂုတ် ၃ ရက် နံနက်က ဝင်ရောက်တိုက်ခတ်ရာ အိမ်များပျက်စီးပြီး ရေလွှမ်းမှုများဖြစ်ပေါ်ခဲ့ကြောင်း အမေရိကန်အမျိုးသား ဟာရီကိန်းဌာနမှ သတင်းထုတ်ပြန်သည်။

ဖြစ်ပွား

မုန်တိုင်းတိုက်ခတ်မှုကြောင့် မိုးသည်းထန်စွာရွာသွန်းပြီး ရေလွှမ်းမှုနှင့် မြေပြိုမှုများ ဖြစ်ပွားခဲ့ကြောင်း၊ ဆန်ဂျန်မြို့အရှေ့တောင်ဘက် ၄၂၅ ကီလိုမီတာအကွာမှ တစ်နာရီ ၆၅ မိုင်နှုန်းဖြင့် အီမီလီမုန်တိုင်းဖြတ်သန်းတိုက်ခဲ့ခြင်းဖြစ်ကြောင်း၊ ပွာတိုရီကိုနိုင်ငံ မြောက်ပိုင်းဒေသများ၌ နေအိမ်များပျက်စီးပြီး **(ဝဲပုံ)** ရေကြီးရေလျှံမှုများ ဖြစ်ပွားလျက်ရှိကြောင်း သတင်းထုတ်ပြန်သည်။

ဖြည့်ဆည်းပေး

မုန်တိုင်းဒဏ်ခံရသောဒေသများသို့ ကယ်ဆယ်ရေးအဖွဲ့များစေလွှတ်၍ အကူအညီများပေးလျက်ရှိပြီး ပွာတိုရီကိုအစိုးရကလည်း အနီးကပ် ကြီးကြပ်ကာ လိုအပ်သည်များကို ဖြည့်ဆည်းပေးလျက်ရှိကြောင်း ပွာတိုရီကိုအစိုးရတာဝန်ရှိသူများက ပြောကြားသည်။

တိုက်ခတ်နိုင်

၎င်းအီမီလီမုန်တိုင်းသည် ပွာတိုရီကိုနိုင်ငံမှတစ်ဆင့် ဒိုမီနီကန်နိုင်ငံနှင့် ဟေတီနိုင်ငံများသို့ ဖြတ်သန်းတိုက်ခတ်နိုင်ဖွယ်ရှိကြောင်း၊ ကမ်းခြေနေဒေသခံများအား သတိပေးချက်များ ထုတ်ပြန်ပေးထားကြောင်း အဆိုပါသတင်းဌာနက ဖော်ပြသည်။ **(အင်တာနက်)**

နိုင်ငံတကာသတင်းအတိုအထွာ

ဇော်ဦးခိုင် – စုစည်းသည်

အင်ဒိုနီးရှား၌ ရွှေနှင့်ကြေးနီမိုင်းနယ်မြေတွင် မြေပြို

ဂျကာတာ ဩဂုတ် ၃

အင်ဒိုနီးရှားနိုင်ငံ ပါပူဝါပြည်နယ်အရှေ့ပိုင်းရှိ ရွှေနှင့် ကြေးနီထွက်သည့် မိုင်းတွင်းတစ်နေရာတွင် ဩဂုတ် ၁ ရက်က မြေပြိုမှုဖြစ်၍ လူတစ်ဦးသေဆုံးခဲ့သည်။ သေဆုံးသူမှာ ယင်းမိုင်းတွင်းမှ ဩစတြေးလျားလူမျိုး အင်ဂျင်နီယာတစ်ဦးဖြစ်ပြီး ၎င်းကားမောင်းသွားနေစဉ် ရွှံ့နှံ့ရံပြိုကျကာ ပေ ၄၅၀ အနက်ရှိ လျှိုအတွင်းသို့ ကားရောလူပါ ပြိုကျ၍ ရွှံ့များနှင့်အတူ ရောပါသွားခဲ့ခြင်း ဖြစ်သည်။ သေဆုံးသူ၏ ခန္ဓာကိုယ်ကို ဩဂုတ် ၂ ရက်မှ တူးဖော်တွေ့ရှိခဲ့သည်။ **(အင်တာနက်)**

မြို့တော်မနီလာတွင် မိုးသည်းထန်ပြီး ရေကြီး

မနီလာ ဩဂုတ် ၃

ဖိလစ်ပိုင်နိုင်ငံ၏ မြို့တော် မနီလာမြို့တွင်းရှိ လမ်းများစွာမှာ မိုးသည်းထန်မှုကြောင့် ရေကြီးလျက်ရှိကြောင်း၊ စာသင်ကျောင်းများနှင့် အစိုးရရုံးများပါ ပိတ်ထားရကြောင်း ဩဂုတ် ၂ ရက်က အင်တာနက်သတင်းတွင် ဖော်ပြထားသည်။ မနီလာမြစ်နှင့် မနီလာတူးမြောင်းအနီး နယ်မြေများတွင် အရေးပေါ်ကယ်ဆယ်ရေးအမှုထမ်းများက ကယ်ဆယ်ရေးအတွက် အသင့်ပြင်ဆင်ထားကြောင်း သိရှိရသည်။ (အင်တာနက်)

အိန္ဒိယတွင် မိုးကြိုးထိမှန်၍ ၁၀ ဦး သေဆုံး

နယူးဒေလီ ဩဂုတ် ၃

အိန္ဒိယနိုင်ငံ အိုရီဆာပြည်နယ်အရှေ့ပိုင်းတွင် မိုးကြိုးပစ်ခံရသဖြင့် လူ ၁၀ ဦး သေဆုံးပြီး ရှစ်ဦးအပြင်းအထန်ဒဏ်ရာရခဲ့သည်။ ထိုပြည်နယ်အတွင်း မိုးများသည်းထန်စွာရွာသွန်းပြီးနောက် ဩဂုတ် ၁ ရက် ညနေပိုင်းတွင် လူ ၁၈ ဦး မိုးကြိုးပစ်ခံရခြင်း ဖြစ်သည်။ ဒဏ်ရာရသူများကို ပြည်နယ်အတွင်းရှိ ဆေးရုံအသီးသီးသို့ ပို့ဆောင်ထားကြောင်း သိရသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ရုရှားစစ်ဘက်လေယာဉ် အရေးပေါ်ဆင်းသက်ခဲ့ရ

ဗလာဒီဗို့စတော့ခ် ဩဂုတ် ၃

ရုရှားနိုင်ငံအရှေ့ဖျားရှိ ပီကရိုပါဗလိုဗ့်စကီးကယ်ချာစကီးလေယာဉ်ကွင်းသို့ ဩဂုတ် ၃ရက် နံနက်ပိုင်းက ရုရှားစစ်ဘက်လေယာဉ်တစ်စင်း စက်ပိုင်းဆိုင်ရာချွတ်ယွင်းမှုကြောင့် အရေးပေါ်ဆင်းသက်ခဲ့ရသည်။ ယင်းလေယာဉ်မှာ အင်ဂျင်လေးလုံးတပ်ဖြစ်ပြီး အင်ဂျင်တစ်လုံး စက်ချွတ်ယွင်းခဲ့ခြင်းကြောင့်ဖြစ်ကြောင်း၊ လေယာဉ်ပေါ်တွင် လိုက်ပါသူ ၂၃ ဦးရှိရာ တစ်ဦးမျှထိခိုက်မှုမရှိခဲ့ကြောင်း သိရသည်။ (အင်တာနက်)

ဒီမိုကရေစီအစိုးရနဲ့ ပင်စင်စားတွေရဲ့ အပျော်မျက်လုံး အပြုံးမျက်နှာ

ဆရာသောင်း (ရမည်းသင်းဘဏ်-အငြိမ်းစား)

အင်း--- ပြောရမှာ ရှက်လည်းရှက်ပါရဲ့၊ မရှက်လည်း မရှက်ပါဘူး။

ဘာဖြစ်လို့လဲဆိုတော့ အများတကာပြောပြောနေတဲ့ "ဒီမိုကရေစီ" ဆိုတာ ဘာမှန်းကိုမသိခဲ့လို့ပါပဲ။ ပွင့်ပွင့်လင်းလင်းပြောရရင် တကယ့်ကို နားမလည်ခဲ့တာကတော့ အမှန်ပါ။

ဒါပေမယ့် အခုတော့ သိလိုက်ပါပြီ။

ဩော်- အများပြည်သူတွေ ရွေးချယ်တင်မြှောက်လိုက်တဲ့ ဒီမိုကရေစီ အစိုးရဆိုတာ--- ဒါကိုခေါ်တာကိုးလို့ နားလည်သွားပါပြီ။

ပထမဆုံးအကြိမ်ပေါ်ပေါက်လာတဲ့ ဒီမိုကရေစီအစိုးရအဖွဲ့သစ်ကြီးရဲ့ သမ္မတကြီးမိန့်ခွန်းတွေထဲမှာ "အခြေအနေအချိန်အခါနဲ့ လိုက်လျောညီထွေရှိတဲ့ မူဝါဒတွေ၊ လုပ်ငန်းစဉ်တွေကိုချမှတ်ပြီး တိုင်းရင်းသားလုပ်သားပြည်သူ အားလုံးရဲ့ ကောင်းကျိုးတွေကိုရရှိအောင် အစိုးရသစ်အနေနဲ့ ဆောင်ရွက်သွားမှာဖြစ်ပါတယ်" လို့ ကတိစကားဆိုခဲ့ပါတယ်။

နောက်ပြီး "လွှတ်တော်ကိုယ်စားလှယ်တွေရဲ့တင်ပြချက်အရ နိုင်ငံ့ဝန်ထမ်းများရဲ့လစာနဲ့ ပင်စင်လစာတွေကိုလည်း သင့်လျော်တဲ့အချိန်ကာလမှာ တိုးမြှင့်ဆောင်ရွက်ပေးသွားမှာဖြစ်ကြောင်း" ထပ်လောင်းကတိပြုခဲ့ပါသေးတယ်။

ဒီလို ဒီလို မြွက်ကြားပြီးလို့မှ ရက်ပေါင်း(၁၀၀)မပြည့်ခင်မှာ တိုင်းရင်းသား ပြည်သူအားလုံးရဲ့ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးနဲ့ လူမှုရေးကိစ္စအဝဝကို နေ့မအား ညမနား အားသွန်ခွန်စိုက်ဆောင်ရွက်နေတာကို မျက်ဝါးထင်ထင်မြင်တွေ့ရလေတော့ ဩော်- "မင်းမှာသစ္စာ လူမှာကတိ" ဆိုတဲ့ စကားနဲ့ကိုက်ညီပေသားပဲလို့ ဝမ်းသာကြရပါတယ်။

ခုတစ်ခါ "၂၀၁၀ ပြည့်နှစ် ဇန်နဝါရီလ ၁ ရက်နေ့မတိုင်မီက နိုင်ငံ့ဝန်ထမ်း အငြိမ်းစားများနဲ့ နိုင်ငံရေးအငြိမ်းစားများရဲ့ ပင်စင်ခံစားခွင့်ကို (လက်ရှိတာဝန်ထမ်းဆောင်လျက်ရှိသောဝန်ထမ်းများ အငြိမ်းစားယူပါက ရရှိမည့်ပင်စင်ခံစားခွင့်အတိုင်း အငြိမ်းစားယူခဲ့တဲ့ နောက်ဆုံးရာထူး၊ ချိန်နှုန်းလစာနဲ့ ကိုက်ညီတဲ့ပင်စင်နှုန်းများဖြင့်) ၂၀၁၁ခုနှစ် ဇူလိုင်လ ပင်စင်လစာက စပြီး တိုးမြှင့်ခံစားခွင့်ပြုလိုက်ကြောင်း" ၂၀၁၁ ခုနှစ် ဇွန်လ ၃၀ ရက်နေ့မှာ ရေဒီယိုနဲ့ မြန်မာ့ရုပ်မြင်သံကြားကနေပြီး ကြေညာတာကို ကြားလိုက်ရတော့ ကိုယ့်နားကိုယ်တောင် မယုံသလိုဖြစ်သွားပြီး ကိုယ့်အသားကိုယ်တောင် ပြန်ဆိတ်ကြည့်မိပါသေးတယ်။ အိပ်မက်များဖြစ်နေသလားလို့ပေါ့။

ဘာဖြစ်လို့လဲဆိုတော့ ဒီလိုအခွင့်ထူးကြီးကို မျှော်လည်းမမျှော်လင့်ရဲသလို အိပ်မက်ထဲမှာတောင် ထည့်မမက်မိလို့ပါပဲ။

အရင်ခေတ်အဆက်ဆက်ကလည်း ခုလိုပဲ ပင်စင်လစာတွေတိုးပေးခဲ့ဖူးပါတယ်။ အဲဒီလို တိုးပေးခဲ့တာကိုလည်း ဘယ်တော့မှ မမေ့ပါဘူး။ ကျေးဇူးလည်း မကန်းပါဘူး။ နည်းတယ်များတယ်လို့လည်း မအောက်မေ့ခဲ့ပါဘူး။

၁၉၅၆ခုနှစ်ကစပြီး ဝန်ထမ်းပင်စင်သာမက မိသားစုပင်စင်ကိုပါ ခံစားခွင့်ပြုခဲ့တာကို ခုချိန်ထိ မမေ့နိုင်အောင်ပါပဲ။

၁၉၇၃ခုနှစ်ကျတော့ ပင်စင်ခံစားခွင့် လုပ်သက်နှစ် ၃၀ အစား ၄၂နှစ်အထိ တိုးမြှင့်ပေးတဲ့အပြင် မိသားစုပင်စင်ကိုလည်း ၁၀နှစ်ကနေပြီး ၁၅နှစ်အထိ သက်တမ်းတိုးပေးခဲ့ပါသေးတယ်။

တစ်ခါ ၁၉၇၇ ခုနှစ်မှာ ယာယီရှားပါးစရိတ်ထည့်ပေးခဲ့သလို ၁၉၈၈ ခုနှစ်မှာတော့ အပိုထောက်ပံ့ကြေးဆိုပြီး ပေးခဲ့ပြန်တယ်။ နောက် ၁၉၈၉ခုနှစ်ကျတော့ ယာယီဆောင်းငွေနဲ့ အပိုထောက်ပံ့ကြေးကို မူရင်းပင်စင်နဲ့ပေါင်းပြီး ပင်စင်လစာအဖြစ် တိုးမြှင့်ပေးခဲ့သေးတယ်လေ။

အရင်တုန်းကသတ်မှတ်ခဲ့တဲ့ "ပင်စင်လစာငွေကျပ် ၆၀၀ ထက်မပိုရ" ဆိုတာကို ဖျက်သိမ်းပြီး ၁၉၉၃ခုနှစ်မှာ ပင်စင်လစာ ၂၅ ရာခိုင်နှုန်း တိုးမြှင့်ပေးခဲ့ပြန်ပါတယ်။

နောက်ပြီး ၁၉၉၄ ခုနှစ်ကျပြန်တော့ မိသားစုပင်စင်လစာကို ဝန်ထမ်းပင်စင်လစာရဲ့ထက်ဝက်အစား လေးပုံသုံးပုံအထိ တိုးမြှင့်ပေးခဲ့တဲ့အပြင် ကျန်ရစ်သူ ဇနီး/ခင်ပွန်းတို့ရဲ့ခံစားခွင့်ကို ၁၅နှစ်အစား ပင်စင်စား ကွယ်လွန်တဲ့နေ့အထိ ခံစားခွင့်ပြုခဲ့သေးတယ်မဟုတ်လား။

အဲ-နောက်ဆုံး ၂၀၀၀ပြည့်နှစ်မှာ ပင်စင်လစာတွေ နှစ်ဆအထိ တိုးမြှင့်ပေးခဲ့တယ်ဆိုတာကို ပင်စင်စားတိုင်း သိပြီးသားပါ။

အဲဒီတုန်းက ပင်စင်လစာတွေကို နည်းမျိုးစုံနဲ့ အဆင့်ဆင့်တိုးပေးခဲ့ ပေမယ့် စောစောကပြောခဲ့သလို အလွန်ဆုံး နှစ်ဆဟာ အများဆုံးပါပဲ။ ကျေးဇူးမတင်လို့ပြောတာမဟုတ်ဘူးနော်- နှိုင်းယှဉ်ပြတဲ့သဘောပါ။

ခုတစ်ခါ ပင်စင်တိုးလိုက်ပုံကတော့ အံ့မခန်းပါပဲဗျာ။ တကယ်ပါပဲ။

သေချာတွက်ကြည့်လေ။ ပင်စင်တွက်နည်းတွေရှိနေတယ် မဟုတ်လား။

၁၉၅၄ခုနှစ်က စတင်တာဝန်ထမ်းဆောင်ခဲ့တဲ့ နိုင်ငံ့ဝန်ထမ်း တစ်ယောက်ဟာ ၁၉၈၉ခုနှစ်မှာ လုပ်သက် ၃၅နှစ်နဲ့ နောက်ဆုံးထုတ်လစာငွေကျပ် ၅၀၀ ရနေတဲ့အချိန် ပင်စင်ယူခဲ့ပါတယ်။ မြန်မာနိုင်ငံပင်စင်နည်းဥပဒေအရဆိုရင် သူ့ရဲ့ပင်စင်လစာဟာ ငွေကျပ်၂၅၀ပဲ ရပါတယ်။

အဲ-သူ့လိုရာထူးမျိုးဟာ ၂၀၁၀ခုနှစ်မှာ ဝန်ထမ်းလစာငွေကျပ် ၃၇၀၀၀တောင် ရနေပြီလေ။

၁၉၈၉ခုနှစ်က ဝန်ထမ်းလစာနှုန်းငွေကျပ် ၅၀၀ ရတဲ့ရာထူးဟာ ၂၀၁၀ခုနှစ်မှာ လစာငွေကျပ် ၃၇၀၀၀ ရတယ်ဆိုတော့ နှစ်ပေါင်း ၂၀ ကျော်ကျော်မှာ ၇၄ဆ တိုးလာတဲ့သဘောပဲပေါ့။

၂၀၁၁ခုနှစ် ဇွန်လ ၃၀ရက်နေ့က ထုတ်ပြန်ခဲ့တဲ့အမိန့်အရ အငြိမ်းစားယူခဲ့တဲ့ နောက်ဆုံးရာထူးချိန်နှုန်းလစာနဲ့ကိုက်ညီတဲ့ ပင်စင်နှုန်းထားအတိုင်း ရမှာဆိုတော့ အတိုင်းမသိအောင်ပျော်နေခဲ့ကြပါတယ်။ အခုတော့ ပျော်နေရရုံတင်မကဘဲ လက်တွေ့ အကျိုးခံစားခွင့်ကိုပါရရှိကြပါပြီ။ အရင်က ပင်စင်လစာငွေကျပ်၂၅၀ပဲ ရခဲ့တဲ့သူဟာ အခု ပင်စင်လစာငွေကျပ် ၁၈၀၀၀ကျော်ကို လက်ဝယ်ပိုင်ပိုင်ထုတ်ယူရရှိခဲ့ပါပြီ။ ပင်စင်လစာထုတ်တဲ့နေ့က ပင်စင်စားကြီးတွေကို မြင်ရသမျှလူတွေဟာ မျက်ရည်ဝဲကျရတဲ့အထိ ဝမ်းမြောက်ဝမ်းသာခံစားခဲ့ကြရပါတယ်။ ကာယကံရှင် ပင်စင်စားတွေအနေနဲ့ ဘယ်လောက်အထိတောင် ဝမ်းသာပီတိဖြစ်ကြမလဲဆိုတာကိုတော့ စာနဲ့တောင် ရေးဖွဲ့တင်ပြဖို့ စာသားရှာမတွေ့နိုင်အောင်ပါပဲ။

နဂိုက ပင်စင်လစာငွေကျပ်၂၅၀ ရတဲ့သူဟာ အခုပင်စင်ငွေကျပ် ၁၈၅၀၀ ရတာဆိုတော့ အဆပေါင်းမြောက်မြားစွာ တိုးပြီးရလာတာကို တွေ့ရပါတယ်။

အင်းလေ---အရင် ခေတ်အဆက်ဆက် အစိုးရအဆက်ဆက်က လည်း ပင်စင်လစာတွေ တိုးပေးခဲ့တာပါပဲ။ ဒါပေမယ့် အခုအစိုးရသစ် တိုးပေးလိုက်ပုံကတော့ ပြောမဆုံးပေါင် တောသုံးထောင်လို့တောင် ပြောရမလို ဖြစ်နေပြီဗျို့။

ဒီလောက်ကြီးမားတဲ့ ကျေးဇူးတရားကိုသိကြဖို့တော့ လိုတယ်ဗျ။

ကျွန်တော်ကြားဖူးသလိုပြောရရင်တော့ လူတွေဟာ "ကျေးဇူး"လို့ သိခဲတယ်တဲ့။ သိရင်တောင်မှ ကျေးဇူးလို့ ပြောခဲတယ်တဲ့။ အဲ-ကျေးဇူးလို့ ပြောရုံသာပြောပြီး ဆပ်ခဲတယ်တဲ့လေ။

ဒါပေမယ့် ကျေးဇူးသိတတ်လွန်းတဲ့သူတစ်ယောက် ရှိခဲ့ဖူးတယ်ဆိုပဲ။

ဟိုး---ရှေးရှေးတုန်းကတဲ့။ ထင်းခွေသမားနှစ်ယောက်ရှိပါတယ်။ သူတို့နှစ်ယောက်ဟာ တောထဲကို အမြဲအတူသွားပြီး ထင်းခွေရောင်းစားကြသတဲ့လေ။

အဲဒီလိုနဲ့ တစ်နေ့မှာ နန်းတွင်းကိုဝင်ခိုးတဲ့ သူခိုးတစ်ယောက်နဲ့ လိုက်ဖမ်းကြတဲ့ရဲမက်တွေဟာ သူတို့နှစ်ယောက်အနား ရောက်လာကြသတဲ့။ သူခိုးလည်း မလွတ်မှန်းသိတာနဲ့ ခိုးလာတဲ့အထုပ်ကို ထင်းခွေသမား တစ်ယောက်ရဲ့ ရှေ့တည့်တည့်ပစ်ချပြီး လွတ်ရာကိုထွက်ပြေးသွားတယ်တဲ့လေ။ အဲဒါနဲ့ နောက်ကရောက်လာတဲ့ ရဲမက်တွေက ခိုးထုပ်ခိုးထည်နဲ့အတူ တွေ့တဲ့လူကိုပဲ သူခိုးအဖြစ်နဲ့ ဖမ်းကြသတဲ့ဗျာ။

အဲဒီအခါမှာ ကျန်တဲ့ထင်းခွေသမားတစ်ယောက်က သူ့ကိုပါဖမ်းပါလို့ ပြောတာနဲ့ နှစ်ယောက်စလုံးဖမ်းသွားတာပေါ့။

ဒီလိုနဲ့ ဘုရင်ကြီးဆီရောက်သွားပြီး အကြောင်းအကျိုးလျှောက်တင်ကြတဲ့အခါ ဘုရင်ကြီးလည်း ထင်းခွေသမားနှစ်ယောက်ကို စစ်မေးတော့တာပေါ့။ အဲဒီအခါမှာ တစ်ယောက်က ဒီလိုလျှောက်ထားလိုက်တယ်။

"မှန်လှပါ အရှင်မင်းကြီးဘုရား၊ ကျွန်တော်မျိုး မှန်ရာကိုသံတော်ဦးတင်ပါမယ်ဘုရား။ ကျွန်တော်မျိုးတို့နှစ်ယောက်ဟာ တောထဲကိုအမြဲအတူသွားပြီး ထင်းခွေရောင်းစားကြပါတယ်ဘုရား။ နေ့စဉ် ထမင်းစားတဲ့အခါတိုင်း ကျွန်တော်မျိုးမှာ ဆင်းရဲလွန်းလို့ ဟင်းတောင်မပါခဲ့ပါဘူးဘုရား။ ဒါကြောင့်မို့ ဟင်းပါတဲ့ ကျွန်တော့်အဖော်ရဲ့ လေအောက်ကနေပြီး သူ့ရဲ့ ဟင်းနံ့လေးကိုခံပြီး ထမင်းမြိန်အောင်စားရပါတယ်ဘုရား။ အဲဒီကျေးဇူးတွေကို တစ်နေ့နေ့ ပြန်ဆပ်နိုင်ပါစေလို့ အမြဲဆုတောင်းနေခဲ့ပါတယ်။ ဒီနေ့မှာ လူတစ်ယောက်ဟာ ပြေးလွှားရင်းက အထုပ်တစ်ထုပ်ကို ကျွန်တော်မျိုးရဲ့ အဖော်ရှေ့တည့်တည့်ပစ်ချပြီး ထွက်ပြေးပါတယ်ဘုရား။ နောက်ကလိုက်လာကြတဲ့ ရဲမက်တွေဟာ ခိုးထုပ်ခိုးထည်နဲ့အတူ တွေ့တယ်ဆိုပြီး သူ့ကိုဖမ်းကြပါတယ်။

အဲဒါနဲ့ ဘယ်လိုမှရှင်းပြလို့မရတဲ့အဆုံးမှာ ကျွန်တော်မျိုးရဲ့ ကျေးဇူးရှင်ကို ကျေးဇူးဆပ်တဲ့အနေနဲ့ သေတူရှင်မကွာ အဖမ်းခံမယ်လို့ ဆုံးဖြတ်လိုက်တာပါပဲ အရှင်ဘုရား။ ဘုရားကျွန်တော်မျိုးတို့ မခိုးခဲ့ရိုးအမှန်ဖြစ်တဲ့အတွက် အရှင်မင်းကြီးထားရင်လည်းနေ၊ သတ်ရင်လည်းသေရမှာပါ အရှင်ဘုရား"လို့ ရဲဝံ့စွာလျှောက်တင်လိုက်တယ်တဲ့။

အဲဒီအခါမှာ ဘုရင်ကြီးလည်း "ဩော်- ဟင်းနံ့လေးခံပြီး ထမင်းစားမြိန်ရုံလေးနဲ့တောင် ဒီလောက်ကျေးဇူးသိတတ်တဲ့သူကို ငါ့နန်းတော်မှာ အမှုတော်ထမ်းခိုင်းရရင် ကောင်းလေစွ"ဆိုပြီး သူတို့နှစ်ယောက်လုံးကို မြှောက်စားလိုက်သတဲ့ဗျာ။

ဒီတော့ ဟင်းနံ့လေးခံပြီး ထမင်းစားမြိန်ရုံလေးနဲ့တောင် ဒီလောက် ကျေးဇူးသိတယ်ဆိုရင် ပင်စင်စားတွေကို လစာတွေအဆမတန်တိုးပေးတဲ့ ကျေးဇူးဟာ အလွန့်အလွန်ကြီးမားတယ်လို့ မဆိုနိုင်ပေဘူးလား။

ဒီကျေးဇူးတရားတွေကို သိလည်းသိသင့်တယ်၊ ပြောလည်းပြောသင့်တယ်၊ နောက်ပြီး ဆပ်လည်းဆပ်သင့်ပါတယ်။

ဒါကြောင့်မို့ ဒီမိုကရေစီအစိုးရသစ်ရဲ့ ကြီးမားတဲ့မေတ္တာစေတနာတွေနဲ့ ကြီးမားတဲ့ကျေးဇူးတရားတွေကို ပြန်ဆပ်တဲ့အနေနဲ့ နိုင်ငံတော်အပေါ်မှာ သစ္စာရှိရှိ နေထိုင်ပြီး လွတ်လပ်ရေးကို အဓွန့်ရှည်အောင် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြပါစို့လို့ အဓိဋ္ဌာန်ပြုလိုက်ပါတယ်။

ဩော်- အများပြည်သူတွေ ရွေးချယ်တင်မြှောက်လိုက်တဲ့ ဒီမိုကရေစီ အစိုးရဆိုတာ တိုင်းရင်းသားပြည်သူအားလုံးရဲ့ အကျိုးစီးပွားကို အစွမ်းကုန်ဆောင်ရွက်ပေးတဲ့ အစိုးရပါလားလို့ ကောင်းကောင်းကြီး သိလိုက်ပါပြီ။ တကယ်ပဲ သိသွားပါပြီ။ ဒါ့အပြင် ပင်စင်လစာနှုန်းသစ်နဲ့ လစာထုတ်တဲ့နေ့က ဘဏ်ရှေ့မှာ "အစိုးရသစ်ကို အတိုးချ ချစ်လိုက်ပြီဟေ့"ဆိုပြီး ပင်စင်စားတွေရဲ့ အပျော်မျက်လုံး အပြုံးမျက်နှာတွေနဲ့ ပြောနေကြတာကို ထပ်ကာထပ်ကာ မြင်ယောင်မိရင်း ပီတိဖြစ်ရင်း ပီတိဖြစ်မိပါကြောင်း။ ။

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၄-၈-၂၀၁၁ (ကြာသပတေးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၁၀ ၂။ နံနက်ခင်းသတင်း
- ၇:၂၀ ၃။ **FIFA U-20 WORLD CUP 2011 ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ် (ဩစတြေးလျအသင်းနှင့် ကော်စတာရီကာအသင်း)**

ညပိုင်း

- ၃:၃၀ ၁။ **Myanmar National League MNL Grand Royal Cup 2011 ဘောလုံးပြိုင်ပွဲ ထုတ်လွှင့်မှုအစီအစဉ် (Yangon United အသင်းနှင့် Nay Pyi Taw အသင်း)**
- ၅:၀၀ ၂။ တေးဂီတအစီအစဉ်
- ၅:၁၅ ၃။ ချစ်စရာ့အရွယ်ကကြိုးသွယ်
- ၅:၂၅ ၄။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ-ပထမနှစ် (သင်္ချာအထူးပြု) (သင်္ချာ)
- ၅:၃၅ ၅။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
- ၅:၄၀ ၆။ သိပ္ပံနှင့်သဘာဝပတ်ဝန်းကျင်
- ၆:၀၀ ၇။ ညနေခင်းသတင်း
- ၆:၁၅ ၈။ မိုးလေဝသအခြေအနေ
- ၆:၂၀ ၉။ ပျော်ရွှင်စေသောနေ့ရက်များ **အချစ်ကော်ဖီ** (အပိုင်း-၆၁)
- ၆:၃၅ ၁၀။ ထူးဆန်းထွေလာများကို သိပ္ပံဖြင့်ချဉ်းကပ်ခြင်း
- ၇:၀၀ ၁၁။ နိုင်ငံခြားဇာတ်လမ်းတွဲ **ကြံကြံဖန်ဖန် အမွေဆိုင်** (အပိုင်း-၁၅)
- ၈:၀၀ ၁၂။ ပြည်တွင်းသတင်း
- ၁၃။ နိုင်ငံတကာသတင်းများ
- ၁၄။ မိုးလေဝသအခြေအနေ
- ၁၅။ **အစာလည်းဆေး၊ ဆေးလည်းအစာ**
- ၁၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **နှောင်ကြိုး** (အပိုင်း-၁၉)
- ၁၇။ နိုင်ငံခြားဇာတ်လမ်းတွဲ **သစ္စာလွှမ်းသောမေတ္တာ** (အပိုင်း-၈၂)

ဇူလိုင် ၂၈ ရက်က လှိုင်မြို့နယ် အမှတ်(၁)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး၏ကြီးကြပ်မှုဖြင့် စခန်းမှူး ရဲအုပ်သန်းဝင်း မှုခင်းကျဆင်းရေး အသိပညာပေး ဟောပြောစဉ်။ (၁၂၂)

ကျုံပျော်မြို့တွင်းလမ်းများ ကောင်းမွန်စေရေးအတွက် ဗိုလ်ချုပ်လမ်း တစ်လျှောက်တွင် လမ်းပေါက်ဖာထေးပြုပြင်ခြင်းကို ဇူလိုင် ၃၀ ရက်က အမှုဆောင်အရာရှိ ဦးသန့်ဇင်သိန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးသန်းထွန်းတို့ကြီးကြပ်လျက် အငယ်တန်းအင်ဂျင်နီယာ-၂ ဦးမြင့်အောင်နှင့်အဖွဲ့ဝန်ထမ်းများ ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

မြဝတီရုပ်မြင်သံကြား

၄-၈-၂၀၁၁ (ကြာသပတေးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၂ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
- ၇:၀၃ ၃။ နိုင်ငံတော်သီချင်း
- ၇:၀၅ ၄။ တရားတော်
- ၇:၂၀ ၅။ ဓမ္မပူဇာတေး
- ၇:၃၅ ၆။ မျိုးချစ်တပ်မတော်
- ၇:၄၀ ၇။ မြန်မာ့ရှုခင်း
- ၇:၄၅ ၈။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၅၀ ၉။ သာယာသီကြွေးခေတ်ဆန်းတေး
- ၇:၅၅ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၈:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၂။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၁ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
- ၄:၀၂ ၃။ နိုင်ငံတော်သီချင်း
- ၄:၀၃ ၄။ အဖွင့်သီချင်း
- ၄:၁၀ ၅။ မျိုးချစ်တပ်မတော်
- ၄:၂၀ ၆။ ဇာတ်လမ်းတို
- ၄:၃၀ ၇။ ချစ်သူစုံတွဲ တူယှဉ်နွဲ့
- ၄:၃၅ ၈။ ဗွီစီဒီကျော်ကြားတေး
- ၄:၄၅ ၉။ လျှပ်တစ်ပြက်
- ၄:၅၀ ၁၀။ မြန်မာသံစဉ်ချိုနားဝင်
- ၅:၁၀ ၁၁။ သာယာသီကြွေးခေတ်ဆန်းတေး
- ၅:၃၀ ၁၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မာယာနှုတ်ခမ်း** (အပိုင်း-၈၈)
- ၆:၀၀ ၁၃။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၅ ၁၄။ အမျိုးသားရေးတေးကဗျာ
- ၆:၃၀ ၁၅။ **ထူးဆန်းထွေလာ မျက်လှည့်ပညာ**
- ၆:၄၅ ၁၆။ ကာတွန်းအစီအစဉ် **ကြယ်တာရာမင်းသားလေး** (အပိုင်း-၄၅)
- ၇:၀၀ ၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **လမင်း နေမင်း ကြယ်တစ်စင်း** (အပိုင်း -၃၆)
- ၈:၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၉။ အမျိုးသားရေးတေးကဗျာ
- ၂၀။ ဒို့တာဝန်အရေး(၃)ပါး
- ၂၁။ နိုင်ငံတကာသတင်း
- ၂၂။ မိုးလေဝသသတင်း
- ၂၃။ အနုပညာရှင်၏တစ်နေ့တာ
- ၂၄။ ကုန်သွယ်သုတ
- ၂၅။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၂၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရောင်ပြန်မေတ္တာ** (အပိုင်း-၅)
- ၂၇။ ဂီတရင်ခုန်သံ

ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးအား တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဧည့်အဖွဲ့တွေ့ဆုံ

နေပြည်တော် ဩဂုတ် ၃

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ China National Complete Plant Import & Export Corporation Limited (COMPLANT) မှ Chairman Mr. Zhang Hui နှင့်အဖွဲ့သည် ဩဂုတ် ၂ ရက် နံနက် ၈ နာရီ ၁၅ မိနစ်တွင် နေပြည်တော်ရှိ ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး**(ယာပုံ)** သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံ တည်ဆောက်ပြုပြင်ထိန်းသိမ်းမှု လုပ်ငန်းများတွင် ပူးပေါင်း ဆောင်ရွက်နိုင်မှုများကို ဆွေးနွေးခဲ့ကြသည်။

တက်ရောက်

ထိုသို့တွေ့ဆုံရာတွင် အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်သန်းဦး၊ လျှပ်စစ်စွမ်းအားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဇော်၊ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြင့်အောင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



အရည်အချင်းကျင့်ဝတ်များနှင့်ပြည့်စုံအောင် ကြိုးပမ်းအားထုတ် စစ်ဆေးရေးလုပ်ငန်း စွမ်းဆောင်ရည် ပြည့်ဝသူများဖြစ်ရန်လိုအပ်

နေပြည်တော် ဩဂုတ် ၃

ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး စာရင်းစစ်များ လုပ်ငန်းခွင်ကျွမ်းကျင်မှု သင်တန်းအမှတ်စဉ် (၃၄) ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးလွန်းမောင်တက်ရောက်၍ သင်တန်းဖွင့် အမှာစကားပြောကြားသည်။**(ဝဲပုံ)**

ကြိုးပမ်းအားထုတ်

ပြည်ထောင်စု စာရင်းစစ်ချုပ်က သင်တန်းဖွင့် အမှာစကားပြောကြားရာ၌ သင်တန်းသား စာရင်းစစ်များ အနေဖြင့် စစ်ဆေးရေးလုပ်ငန်း တာဝန်များ ဆောင်ရွက်ရာတွင် ပြည်ထောင်စု စာရင်းစစ်ချုပ် ဥပဒေအရ ပြည်သူများ ဘက်ကရပ်တည်ရမည် ဖြစ်ကြောင်း၊ ရှုထောင့်အမျိုးမျိုးမှ သုံးသပ်ပြီး အဂတိ လိုက်စားမှုမရှိဘဲ စစ်ဆေးတွေ့ရှိချက်များကို အရှိကိုအရှိအတိုင်း၊ အမှန်ကို အမှန်အတိုင်း စစ်ဆေးဖော်ထုတ် တင်ပြရမည်ဖြစ်ကြောင်း၊ စာရင်းစစ်များ အနေဖြင့် ပင်ကို ထိုးထွင်းဉာဏ်၊ လိမ္မာပါးနပ်မှု၊ ဉာဏ်ရည်အကင်းပါးမှု၊ ဂရုစိုက်ထုတ်တတ်မှုနှင့် နိုးကြားတက်ကြွ၍ သတိဝီရိယရှိမှုစသည့် အရည်အချင်း ကျင့်ဝတ်များနှင့် ပြည့်စုံအောင် ကြိုးပမ်း အားထုတ်ပြီး စစ်ဆေးရေးလုပ်ငန်း စွမ်းဆောင်ရည် ပြည့်ဝသည့် နိုင်ငံတော်က အားထားရမည့် လူကောင်း လူတော်များဖြစ်ရန် လိုအပ်ကြောင်းဖြင့် မှာကြားသည်။

တက်ရောက်

အခမ်းအနားသို့ ဒုတိယစာရင်းစစ်ချုပ် ဦးမျိုးမြင့်၊ ညွှန်ကြားရေးမှူးချုပ် (တာဝန်)၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်နှင့် ညွှန်ကြားရေးမှူးများ၊ သင်တန်းကထိကများနှင့် သင်တန်းသား သင်တန်းသူ ၁၀၄ ဦး တက်ရောက်ကြသည်။ **(သတင်းစဉ်)**

တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးခင်ဇော် ကွန်ပျူတာတက္ကသိုလ်နှင့် မိုးစပါးစိုက်ပျိုးမှု ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၃

တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးခင်ဇော်သည် ဩဂုတ်၂ရက် နံနက်ပိုင်းတွင် မြိတ်မြို့ ကန်ခေါင်း ရပ်ကွက်ရှိ သားဖွားသင်တန်းကျောင်း အစည်းအဝေးခန်းမ၌ တာဝန်ရှိသူများ၊ သင်တန်းသူများနှင့်တွေ့ဆုံပြီး သင်တန်းကျောင်းအတွက် ဆန်၁၀ အိတ်၊ ဆီတစ်ပုံး၊ ငါးသေတ္တာနှင့် တီဗွီတစ်လုံးတို့ကို ပေးအပ်လှူဒါန်းသည်။

ယင်းနောက် အင်္ဂမော်ကျေးရွာ အုပ်စု ကန်သာယာကျေးရွာ ကွင်းအမှတ်-၂၆၆ရှိ လယ်မြေ ၁၀ ဧက၌ စုပေါင်း တမန်းနှီး သဘာဝမြေဩဇာကြဲပက်နေမှုကို ကြည့်ရှုအားပေးသည်။**(ယာပုံ)**

မှာကြား

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် မြိတ်ကွန်ပျူတာ တက္ကသိုလ် ဆောက်လုပ်ရေးလုပ်ငန်းခွင်သို့ သွားရောက် ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ထောက်ပံ့

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ပြည်နယ်ဝန်ကြီးများ၊ လုပ်ငန်းရှင်များသည်မြိတ်တောင်ရပ်ကွက်၌ကျင်းပသည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအတွက် မတည်ငွေပေးအပ်ပွဲသို့ တက်ရောက်၍ လက်လုပ်လက်စားနွမ်းပါးသူများအား မတည်ငွေများကို ပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မော်လမြိုင်တက္ကသိုလ် ကာယအလှ၊ ကာယဗလပြိုင်ပွဲနှင့် ပြည်ထောင်စုတိုင်းရင်းသားယဉ်ကျေးမှုဟန် ပြပွဲကျင်းပ

နေပြည်တော် ဩဂုတ် ၃

၂၀၁၁ ခုနှစ် မော်လမြိုင်တက္ကသိုလ် ကာယအလှ၊ ကာယဗလပြိုင်ပွဲနှင့် ပြည်ထောင်စုတိုင်းရင်းသားယဉ်ကျေးမှုဟန်ပြပွဲကို ဇူလိုင် ၃၀ ရက် မွန်းတည့် ၁၂ နာရီတွင် အဆိုပါတက္ကသိုလ် ပင်မဆောင်ခန်းမ၌ ကျင်းပရာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့် တက်ရောက် အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဘာသာရပ်အသီးသီး ကိုယ်စားပြု တက္ကသိုလ် ကျောင်းသား ကျောင်းသူများ၏ ကာယအလှနှင့် ကာယဗလပြိုင်ပွဲ ယှဉ်ပြိုင်မှုကို လည်းကောင်း၊ မော်လမြိုင်တက္ကသိုလ် အနုပညာအသင်းမှ တင်ဆက်သည့် ခေတ်အဆက်ဆက် တက္ကသိုလ် ဆရာ ဆရာမနှင့် ကျောင်းသား ကျောင်းသူများ၏ ဝတ်စားဆင်ယင်ထုံးဖွဲ့ပုံ၊ မွန်၊ ကရင်၊ ပအိုဝ်း တိုင်းရင်းသားများ၏ ရိုးရာဓလေ့ ယဉ်ကျေးမှုသမိုင်းဖြစ်စဉ်နှင့် ဝတ်စားဆင်ယင် ထုံးဖွဲ့ပုံများကို လည်းကောင်း ကြည့်ရှုအားပေးကြသည်။

ယင်းနောက် ဆုချီးမြှင့်ပွဲကျင်းပရာ ၂၀၁၁ ခုနှစ် မော်လမြိုင်တက္ကသိုလ် ကာယအလှမယ်နှင့် ကာယဗလမောင်ဆုရရှိသူများအား တာဝန်ရှိသူတို့က ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပြခန်းတွင် ခင်းကျင်းပြသထားသော တိုင်းရင်းသား ရိုးရာယဉ်ကျေးမှုအဝတ်အထည်နှင့် အသုံးအဆောင်ပစ္စည်းများကို ကြည့်ရှုခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မိုးစပါးစုပေါင်းမြေဩဇာကြဲပက်ပွဲနှင့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကရင်ပြည်နယ်ဝန်ကြီးချုပ် တက်ရောက်အားပေး

နေပြည်တော် ဩဂုတ် ၃

ကရင်ပြည်နယ် ဝန်ကြီးချုပ် ဦးဇော်မင်းသည် ဇူလိုင် ၂၈ ရက်တွင် ဘားအံမြို့ အဝေးပြေးယာဉ်ရပ်နားစခန်းကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဇူလိုင် ၂၉ ရက်တွင် နောင်ကမြိုင်ကျေးရွာ၌ ကျင်းပသည့် မိုးစပါး စုပေါင်း မြေဩဇာကြဲပက်ပွဲသို့ လည်းကောင်း၊ တဝန်ဖန်ရကျေးရွာ၌ ကျင်းပသည့် မိုးရာသီသစ်ပင် စိုက်ပျိုးပွဲတို့သို့လည်းကောင်း သွားရောက် ကြည့်ရှုအားပေးသည်။

အားပေးစကားပြောကြား

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ရွှေဂွန်းမြို့ အထက်ဘုန်းတော်ကြီးကျောင်းသို့ သွားရောက်၍ သံလွင်မြစ်ရေကြီးမှုကြောင့် ခေတ္တပြောင်းရွှေ့ထားခဲ့သော ရွှေဂွန်းမြို့ မြေနိမ့်ပိုင်းရပ်ကွက်မှ အိမ်ထောင်စုဝင်များအား တွေ့ဆုံအားပေးစကားပြောကြားပြီး ဆန်နှင့် ထောက်ပံ့ပစ္စည်းများကို ပေးအပ်ကြသည်။

ထို့နောက် ရွှေဂွန်းအခြေခံပညာ အထက်တန်းကျောင်းသို့ သွားရောက်၍ CDMA တယ်လီဖုန်း တစ်လုံးနှင့် ထောက်ပံ့ငွေများ ပေးအပ်ပြီး မိဇံကျေးရွာ အနီးရှိ ပီလောပီနံစိုက်ခင်းကို ကြည့်ရှုစစ်ဆေးသည်။

ထောက်ပံ့

ပြည်နယ်ဝန်ကြီးချုပ်သည် ဇူလိုင် ၃၀ ရက်တွင် ဖာပွန်မြို့နယ် အုပ်ချုပ်ရေးမှူးရုံး ယွန်းစလင်းခန်းမ၌ ခရိုင်နှင့် မြို့နယ် အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံပြီး ဝန်ထမ်းများအား ထောက်ပံ့ငွေများ ပေးအပ်သည်။

ထို့နောက် ဖာပွန်မြို့ စုပေါင်းရုံးသစ် တည်ဆောက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ပြည်သူ့ဆေးရုံသို့ သွားရောက်၍လူနာများအား အားပေးစကားပြောကြားကာ ထောက်ပံ့ငွေများ ပေးအပ်သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်သည် မြို့နယ်သစ်တောဦးစီးဌာနမှ စိုက်ပျိုးထားသည့် ရတနာတန်းဝင် ကျွန်းစိုက်ခင်း၊ ခုတင်(၁၀၀)ဆံ့ဆေးရုံ တည်ဆောက်နေမှု၊ တန်ဖိုးနည်း အိမ်ရာများ တည်ဆောက်ပြီးစီးမှုနှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုအားပေး

ထို့နောက် မဲသလွတ်ကျေးရွာ၌ တောင်သူများ မိုးစပါးထွန်ယက် စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးပြီး ကောက်စိုက်လုံမများအား ချီးမြှင့်ငွေများ ပေးအပ်သည်။

ဖြည့်ဆည်းပေး

ပြည်နယ်ဝန်ကြီးချုပ်သည် ဇူလိုင် ၃၁ ရက်တွင် ကော့ကရိတ်ခရိုင်ရုံး ဘုရင့်နောင်ခန်းမ၌ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် တွေ့ဆုံပြီး လိုအပ်သည်များ ပံ့ပိုးဖြည့်ဆည်းပေးသည်။

ပေးအပ်

ယင်းနောက် ကော့ကရိတ်မြို့နယ် ပြည်သူ့ဆေးရုံသို့ သွားရောက်၍ လူနာများအား တွေ့ဆုံအားပေးစကားပြောကြားကာ ထောက်ပံ့ငွေများနှင့် ဆေးပဒေသာပင် အလှူငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်အနောက်ပိုင်းခရိုင် လသာမြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း၏ ၂၀၁၀-၂၀၁၁ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ဇူလိုင် ၃၀ ရက်က ဗဟိုစံပြခန်းမဆောင်၌ ကျင်းပရာ တက္ကသိုလ်ဝင် စာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူးရှင် မောင်သက်အောင်နိုင်အား မြို့နယ်ပညာရေးမှူး ဦးမောင်မောင်တိုးက ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။ (၁၀၆)

လှိုင်သာယာမြို့နယ် အမှတ်(၃) ရပ်ကွက် လှိုင်ဘောဂသမဝါယမအသင်းလီမိတက်၏ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်အရပ်ရပ်ဆိုင်ရာ သင်းလုံးကျွတ်အစည်းအဝေးနှင့် အမှုဆောင်ရွေးချယ်ပွဲ အခမ်းအနားကို ဇွန် ၂၁ရက်က ဗိုလ်ချုပ်လမ်းရှိ အောင်သီရိပြည့်စုံခမ္မာရုံ၌ ကျင်းပရာ ဥက္ကဋ္ဌသစ် ဦးခင်ယုံက အမှာစကားပြောကြားစဉ်။ (မြန်မာ့အလင်း)

4-8 (06).pmd 1 8/4/2011, 1:11 AM

ပြည်တွင်းအားကစား ပြည်တွင်းအားကစား ပြည်တွင်းအားကစား ပြည်တွင်းအားကစား

ရောဝတီတိုင်း ဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင် ရောဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ အမျိုးသား/ အမျိုးသမီး ပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား၌ အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

ရောဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ အမျိုးသား/အမျိုးသမီး ပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

နေပြည်တော် ဩဂုတ် ၃

၂၀၁၁ ခုနှစ် ရောဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ အမျိုးသား/အမျိုးသမီး ပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၁ ရက် နံနက် ၉ နာရီတွင် ပုသိမ်မြို့ ကိုးသိန်းအားကစားခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင် တက်ရောက်၍ အမှာစကားပြောကြားကာ ပြိုင်ပွဲကို ဖွင့်လှစ်ပေးပြီး ပြိုင်ပွဲယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးသည်။

ပါဝင်ယှဉ်ပြိုင်

အဆိုပါပြိုင်ပွဲသို့ တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များမှ အမျိုးသားအသင်း ၂၀ နှင့် အမျိုးသမီးအသင်း ခြောက်သင်းတို့ ပါဝင်ယှဉ်ပြိုင်ကြပြီး ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဩဂုတ် ၅ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဆက်လက်ကျင်းပ

နေပြည်တော် ဩဂုတ် ၃

၂၀၁၁ ခုနှစ် ပဉ္စမအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့် အုပ်စုပတ်လည်ပွဲစဉ်များကို ယနေ့ညနေပိုင်းတွင် သတ်မှတ်နေရာများ၌ ဆက်လက်ကျင်းပရာ အမှတ်(၂) နေပြည်တော် အားကစားကွင်းတွင် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနအသင်းက ကာကွယ်ရေးဝန်ကြီးဌာနအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိပြီး နေပြည်တော်လယ်ဝေး အားကစားကွင်းတွင် အလုပ်သမားဝန်ကြီးဌာနအသင်းနှင့် အားကစားဝန်ကြီးဌာနအသင်းတို့ တစ်ဖက်တစ်ဂိုးစီဖြင့် သရေဖြစ်သွားသည်။

ယှဉ်ပြိုင်ကစားမည်

ဩဂုတ် ၄ ရက် ပွဲစဉ်များအဖြစ် အမှတ်(၂)နေပြည်တော်အားကစားကွင်းတွင် (ဃဃ)အုပ်စုမှ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအသင်းနှင့် ပြည်ထဲရေးဝန်ကြီးဌာနအသင်း၊ နေပြည်တော်လယ်ဝေးအားကစားကွင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအသင်းနှင့် သတ္တုတွင်းဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကချင်ပြည်နယ်ဇုန် တက္ကသိုလ်/ဒီဂရီကောလိပ် အမျိုးသားဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပ

နေပြည်တော် ဩဂုတ် ၃

၂၀၁၀-၂၀၁၁ ပညာသင်နှစ် ကချင်ပြည်နယ်ဇုန် တက္ကသိုလ်/ဒီဂရီကောလိပ် အမျိုးသားဘော်လီဘော ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဩဂုတ် ၂ ရက် နံနက် ၉ နာရီတွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ ပြည်နယ်မိုးလုံလေလုံ အားကစားရုံ၌ ကျင်းပသည်။

ဗိုလ်လုပွဲအပြီးတွင် ဆုချီးမြှင့်ပွဲကို ကျင်းပရာ ပထမဆုရ မြစ်ကြီးနားတက္ကသိုလ် အမျိုးသားဘော်လီဘော အသင်းအား တစ်ဦးချင်းဆုများကို မြစ်ကြီးနားတက္ကသိုလ် တွဲဖက်ပါမောက္ခ ဒေါက်တာအေးကိုက လည်းကောင်း၊ ဒုတိယဆုရ ဗန်းမော်တက္ကသိုလ် အမျိုးသားဘော်လီဘောအသင်းအား တစ်ဦးချင်းဆုများကို မြစ်ကြီးနားတက္ကသိုလ် အားကစားနှင့် ကာယပညာဆပ်ကော်မတီ ဥက္ကဋ္ဌ ဒေါက်တာအောင်ဝင်းက လည်းကောင်း ချီးမြှင့်ကြသည်။

ထို့နောက် ကချင်ပြည်နယ် ဇုန် တက္ကသိုလ်/ဒီဂရီကောလိပ် အမျိုးသားဘော်လီဘောပြိုင်ပွဲ ပထမတံခွန်စိုက်ဆုဖလားနှင့်နေရာအလိုက် အကောင်းဆုံးစပေးဘောဆု၊ အကောင်းဆုံး ဆယ်မဆု၊ အကောင်းဆုံး ပင့်ထောင်ဆု၊ အကောင်းဆုံး ရိုက်ချက်ဆုနှင့် အကောင်းဆုံးပိတ်ဆို့ဆုရရှိသူတို့အား ဆုများကို မြစ်ကြီးနားတက္ကသိုလ် တာဝန်ခံပါမောက္ခချုပ် ဒေါက်တာကိုကိုမြင့်က ချီးမြှင့်ခဲ့ကြောင်းသိရှိရသည်။

(သတင်းစဉ်)

အားကစား မြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင် မူးယစ်ဆေး

မိုးရာသီဘောလုံးပြိုင်ပွဲ ရွှေဘိုတက္ကသိုလ်၌ကျင်းပ

ရွှေဘို ဩဂုတ် ၃

ရွှေဘိုတက္ကသိုလ်၏ ဘာသာရပ်အလိုက် မိုးရာသီဘောလုံးပြိုင်ပွဲကို ဇူလိုင် ၂၀ ရက် ညနေ ၃ နာရီက ရန်ကြီးအောင်အားကစားကွင်း၌ကျင်းပရာ အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်လွင်ထွန်းနှင့် ရွှေဘိုတက္ကသိုလ်ပါမောက္ခချုပ် ဦးရဲမြင့်အောင်တို့က ပြိုင်ပွဲအဖွင့်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ ဆရာ ဆရာမများ၊ သက်ဆိုင်ရာ ဘာသာရပ်အလိုက် ပြိုင်ပွဲဝင်ကြမည့် အားကစားသမားများနှင့် ဖိတ်ကြားထားသူများတက်ရောက်ခဲ့ကြကြောင်း သိရှိရသည်။

(ဝ၅ဝ)

နိုင်ငံခြားအားကစား နိုင်ငံခြားအားကစား နိုင်ငံခြားအားကစား နိုင်ငံခြားအားကစား

ယူ-၂၀ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ဘရာဇီး၊ မက္ကဆီကိုနှင့် အီဂျစ်တို့ နိုင်ပွဲရရှိ

မက်ဒယ်လင် ဩဂုတ် ၃

အသက် ၂၀ အောက် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကို ကိုလံဘီယာနိုင်ငံ၌ ဆက်လက်ကျင်းပလျက်ရှိရာ ဩဂုတ် ၂ ရက်က အုပ်စု (င)မှ အီဂျစ်နှင့် ပနားမားတို့ပွဲတွင် အီဂျစ်အသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ထို့အတူ ဘရာဇီးနှင့် ဩစတြီးယားတို့ပွဲတွင် ဘရာဇီးအသင်းက သုံးဂိုးပြတ်ဖြင့်အနိုင်ရရှိခဲ့ပြီး ဘရာဇီးအတွက် ဂိုးများကို ပွဲချိန် ၃၅ မိနစ်၌ ကွင်းလယ်ကစားသမား ဟန်ရီဂီက အဖွင့်ဂိုးသွင်းယူပေးခဲ့သည်။ ဩစတြီးယားတို့ ပထမပိုင်းပွဲချိန်အတွင်း ချေပဂိုးမသွင်းနိုင်သဖြင့် ဘရာဇီးတို့တစ်ဂိုး-ဂိုးမရှိဖြင့် ဦးဆောင်နိုင်ခဲ့ရာ ဒုတိယပိုင်းပွဲချိန် ၅၁မိနစ်၌ ဘရာဇီးကွင်းလယ်ကစားသမား ဖီလစ်ပီကိုတင်ဟိုက ပယ်နယ်တီပြစ်ဒဏ်ဘောမှတစ်ဆင့် ဂိုးသွင်းယူပေးခဲ့သဖြင့် ဘရာဇီးတို့ ဒုတိယဂိုးရရှိခဲ့သည်။ ထို့နောက် ဘရာဇီးတို့ ဆက်တိုက်ဖိကစားခဲ့ရာ ပွဲချိန် ၆၂ မိနစ်၌ ဘရာဇီးတိုက်စစ်မှူး ဒါဆီးလ်ဗားဝီလျံက တစ်ဂိုးသွင်းယူခဲ့သဖြင့် တတိယဂိုးရရှိခဲ့ရာ ဩစတြီးယားတို့ ချေပဂိုးမသွင်းနိုင်ဘဲ သုံးဂိုးပြတ်ဖြင့် ဘရာဇီးတို့ နိုင်ပွဲရရှိခဲ့ခြင်းဖြစ်သည်။

*ထို့အတူ အုပ်စု (စ)မှ မက္ကဆီကိုနှင့် မြောက်ကိုရီးယားတို့ပွဲတွင် မက္ကဆီကိုက သုံးဂိုးပြတ်အနိုင်ရရှိခဲ့ပြီး အာဂျင်တီးနားနှင့် အင်္ဂလန်တို့ပွဲတွင်မူ ဂိုးမရှိသရေပွဲ ဖြစ်ခဲ့သည်။ တစ်ဖန် အုပ်စု(က)မှ ပြင်သစ်နှင့် တောင်ကိုရီးယားအသင်းတို့ပွဲတွင် **(အောက်ပုံ)**ပြင်သစ်က သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး အုပ်စု(ခ)မှ ဥရုဂွေးနှင့် နယူးဇီလန်တို့ပွဲတွင် တစ်ဂိုးစီသရေပွဲဖြစ်ခဲ့သည်။*

(အင်တာနက်)



ပဲရစ် စိန့်ဂျာမိန်းအသင်းက [illegible]

လန်ဒန် ဩဂုတ် ၃

မန်ယူတိုက်စစ်မှူး ဘာဘာတော့ဗ် (ဝဲပုံ)ကို ပြင်သစ်ကလပ် ပဲရစ်စိန့်ဂျာမိန်းက ပြောင်းရွှေ့ကြေး ပေါင် ၁၈သန်းဖြင့်ခေါ်ယူရန် ကြိုးစားလျက်ရှိကြောင်း ပဲရစ်စိန့်ဂျာမိန်းကလပ်က ဩဂုတ် ၃ ရက်၌ သတင်းထုတ်ပြန်သည်။

အသက် ၃၀အရွယ်ရှိ ဘာဘာတော့ဗ်သည် ၂၀၀၈ခုနှစ်က စပါးကလပ်မှ မန်ယူသို့ပြောင်းရွှေ့လာသူဖြစ်ပြီး မန်ယူ၌ပုံမှန်ပွဲထွက်ကစားခွင့်မရသဖြင့် အသင်းမှ ထွက်ခွာလိုသောဆန္ဒပြင်းပြနေသူဖြစ်သည်။ ဘာဘာတော့ဗ်သည် မန်ယူနှင့်စာချုပ်သက်တမ်းတစ်နှစ်ကျန်ရှိနေသေးသည်။ မန်ယူကလပ်သည် ဟာနန်ဒက်ဗ်၊ ဗလင်စီယာ၊ ပက်ဂျီဆန်တို့အား စာချုပ်သစ်များထပ်မံချုပ်ဆိုခဲ့သော်လည်း ဘာဘာတော့ဗ်နှင့်စာချုပ်သက်တမ်းတိုးချုပ်ဆိုခြင်းမရှိသေးချေ။ ဘာဘာတော့ဗ်သည် ချန်ပီယံလိဂ်ဗိုလ်လုပွဲ၌ မန်ယူအသင်းတွင် ကစားခွင့်မပေးခဲ့သဖြင့် နည်းပြဖာဂူဆန်နှင့် ဆက်ဆံရေး အဆင်မပြေဖြစ်လျက်ရှိသည်။

ဖာဂူဆန်ကလည်း ချန်ပီယံလိဂ်ဗိုလ်လုပွဲ၌ ဘာဘာတော့ဗ်အား ထည့်သွင်းကစားခွင့်မပေးခဲ့ခြင်းနှင့်ပတ်သက်ပြီး ၎င်းအား တစ်စုံတစ်ရာရှင်းပြခြင်းမရှိသဖြင့် ဘာဘာတော့ဗ်သည် မန်ယူမှ ထွက်ခွာလိုနေခြင်းဖြစ်သည်။ *(အင်တာနက်)*

ဂျပန်အမျိုးသမီးဘောလုံးအသင်းအား People's Honor Award ချီးမြှင့်မည်

မောင်မောင်မြင့်ဆွေ စုစည်းသည်

တိုကျို ဩဂုတ် ၃

၂၀၁၁ ခုနှစ် အမျိုးသမီးကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွင် ဗိုလ်စွဲခဲ့သည့် ဂျပန်အမျိုးသမီးဘောလုံးအသင်းအား People's Honor Award ဆုကို ချီးမြှင့်မည်ဖြစ်ကြောင်း ဂျပန်ဝန်ကြီးချုပ်ရုံးမှ ဩဂုတ် ၂ ရက်က သတင်းထုတ်ပြန်သည်။

*ပြီးခဲ့သည့် ဇူလိုင်လက ဂျာမနီနိုင်ငံတွင် ကျင်းပခဲ့သည့် ၂၀၁၁ခုနှစ် ကမ္ဘာ့ဖလား အမျိုးသမီးဘောလုံးပြိုင်ပွဲတွင် ဂျပန်အသင်းက အမေရိကန်အသင်းအား ထိုက်တန်စွာ အနိုင်ယူကာ ကမ္ဘာ့ဖလားကို ကိုင်မြှောက်အောင်ပွဲခံနိုင်ခဲ့သည်။ ဂျပန်အမျိုးသမီးဘောလုံးအသင်း**(အပေါ်ပုံ)**ကို ဂျပန်အစိုးရက ပြည်သူ့သူရဲကောင်းများသဖွယ် ဂုဏ်ပြုချီးမြှင့်မည့်အစီအစဉ်သည် ဂျပန်နိုင်ငံတွင် ၁၉၇၇ ခုနှစ်နောက်ပိုင်း ပထမဆုံးရွေးချယ်ချီးမြှင့်ခြင်းဖြစ်ကြောင်း သိရသည်။*

(အင်တာနက်)

❒ ***ရှေ့ဖုံးမှ***

အထွက်တိုးစံပြ ပေါင်းစည်းလယ်ယာအတွင်းစိုက်ပျိုးထားရှိသည့် စိုက်ခင်းစိုက်ကွက်များနှင့် အသုံးပြုစိုက်ပျိုးထားသည့် ခေတ်မီစိုက်ပျိုးနည်းစနစ်များ၊ နှစ်ဆအထွက်တိုးသည့် စပါးမျိုးစိတ်များအကြောင်းကို ရှင်းလင်းပြောကြားသည်။

ဆွေးနွေးပြောကြား

ယင်းနောက် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးဝင်းက သိပ္ပံနည်းကျစိုက်နည်းစနစ် (၁၄) ချက်နှင့်စပ်လျဉ်း၍ ရုပ်မြင်သံကြား၊ ရေဒီယို၊ သတင်းစာများမှတစ်ဆင့် ကျေးလက်နေ တောင်သူလယ်သမားများအား ပညာပေးရန် စီစဉ်ဆောင်ရွက်သွားမည့် အစီအမံများနှင့်စပ်လျဉ်း၍ ဆွေးနွေးပြောကြားသည်။

ပြသ

ဆက်လက်၍ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်ဝင်းက ရေဆင်းစိုက်ပျိုးရေး တက္ကသိုလ်မှ လေ့လာရေးကျောင်းသားကျောင်းသူများအား အထူးအထွက်တိုးစပါးစိုက်ခင်း၊ အထူးအထွက်တိုးနေကြာစိုက်ခင်းနှင့် အထူးအထွက်တိုး ကြံစိုက်ခင်းများကို လိုက်လံရှင်းလင်းပြသသည်။

ယင်းနောက် စိုက်ပျိုးရေးတက္ကသိုလ် ကျောင်းသား ကျောင်းသူများသည် စက်မှုလယ်ယာကဏ္ဍတွင် အသုံးပြုလျက်ရှိသည့် လယ်ယာသုံးစက်ပစ္စည်းနှင့် ယာဉ်များကို ကြည့်ရှုလေ့လာကြသည်။

အဆိုပါ လေ့လာရေးကျောင်းသားကျောင်းသူများအဖွဲ့တွင် အုပ်ချုပ်သူ ဆရာ ဆရာမ ၂၀နှင့် ကျောင်းသားကျောင်းသူ ၄၀၀ စုစုပေါင်းအင်အား ၄၂၀ လာရောက်ကြည့်ရှုလေ့လာကြကာ သိရှိလိုသည့် အချက်အလက်များကို စိတ်ဝင်တစား မေးမြန်းလေ့လာမှတ်သားခဲ့ကြကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

နေပြည်တော် ဇမ္ဗူသီရိမြို့နယ်ရှိ အထူးအထွက်တိုး စံပြပေါင်းစည်းလယ်ယာသို့ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှ ကျောင်းသားကျောင်းသူများ လာရောက်ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)

စက်ခလုတ်နှိပ်ဖွင့်

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဉာဏ်ဝင်း ရောဝတီဘဏ် (ပဲခူးဘဏ်ခွဲ) ဆိုင်းဘုတ်အား စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

ပဲခူးတိုင်းဒေသကြီး စိုက်ပျိုးရေးလုပ်ငန်းဆိုင်ရာ ညှိနှိုင်းစည်းဝေး

နေပြည်တော် ဩဂုတ် ၃

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဉာဏ်ဝင်းသည် ဩဂုတ် ၂ ရက် နံနက်ပိုင်းတွင် တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသော တိုင်းဒေသကြီး စိုက်ပျိုးရေးလုပ်ငန်းဆိုင်ရာ ညှိနှိုင်းအစည်းအဝေးသို့တက်ရောက်၍ ရေလွှမ်းမိုးမှုကြောင့် ပျက်စီးသွားသော လယ်မြေများတွင် အစားထိုးပြန်လည်စိုက်ပျိုးရန်နှင့် စိုက်ပျိုးရိတ်သိမ်းချိန်များတွင် စက်ယန္တရားများ အသုံးပြုလုပ်ကိုင်နိုင်ရေး ဆောင်ရွက်သွားရန်တို့ကို မှာကြားပြီး တိုင်းဒေသကြီး အစိုးရအဖွဲ့ အတွင်းရေးမှူးက တိုင်းဒေသကြီးအတွင်း ရေကြီးနစ်မြုပ်သည့် လယ်မြေများစာရင်းနှင့် ပြန်လည်အစားထိုးစိုက်ပျိုးပြီးသော လယ်မြေများစာရင်းကို ရှင်းလင်းတင်ပြသည်။

တင်ပြ

ယင်းနောက် တက်ရောက်လာသူများက စိုက်ပျိုးရေးလုပ်ငန်းများနှင့် ဆည်တမံများနှင့် စပ်လျဉ်း၍ လည်းကောင်း၊ ရေလွှမ်းမိုးမှုကြောင့် ပျက်စီးသွားသော လယ်ဧကများ၊ အစားထိုးစိုက်ပျိုးပြီးသော လယ်ဧကများနှင့် စပ်လျဉ်း၍လည်းကောင်း တင်ပြကြသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ယနေ့နံနက်ပိုင်းတွင် ပဲခူးမြို့၌ ကျင်းပသည့် ရန်ကုန်-မန္တလေးလမ်းပေါ်ရှိ ရောဝတီဘဏ် (ပဲခူးဘဏ်ခွဲ) ဖွင့်ပွဲသို့ တက်ရောက်၍ ဘဏ်ခွဲဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး ဘဏ်အတွင်း လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

● ***ရှေ့ဖုံးမှ***

ထို့နောက် တက်ရောက်လာကြသည့် ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီဝင် ဒုတိယဝန်ကြီးများ၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ဌာနဆိုင်ရာအကြီးအကဲများနှင့် ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များက ဥပဒေ(မူကြမ်း)အား လက်ရှိအခြေအနေနှင့် လိုက်လျောညီထွေရှိစေရေး ပြန်လည်ပြင်ဆင်ဖြည့်စွက်ရန်ရှိသည်များကို ဝိုင်းဝန်းအကြံပြု ဆွေးနွေးကြသည်။

ဆွေးနွေး

အစည်းအဝေးအပြီးတွင် သက်ဆိုင်ရာဝန်ကြီးဌာနအသီးသီးမှ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ကော်မတီဝင် ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ပတ်ဝန်းကျင်ဆိုင်ရာ ပညာရှင်များ ပါဝင်သော ဥပဒေ(မူကြမ်း) ပြုစုရေးလုပ်ငန်းအဖွဲ့ (Core Unit) က ဥပဒေ(မူကြမ်း)အား ခေတ်စနစ်နှင့် လိုက်လျောညီထွေဖြစ်အောင် ပြင်ဆင်ဖြည့်စွက်ရန်ရှိသည်များကို ဆက်လက်ဆွေးနွေးကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ငါးရစ်ငါးသန့် ဘေးမဲ့ချန် ပုံမှန်စားသုံး မျိုးမသုဉ်း

ကွင်းဆင်းဆောင်ရွက်

ဇွန် ၂၁ရက်က ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်ခရိုင် ကွတ်ခိုင်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနမှူးနှင့်အဖွဲ့ မြို့နယ် အခြေခံပညာအထက်တန်းကျောင်းရှိ ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြား ကွင်းဆင်း ဆောင်ရွက်ပေးစဉ်။

(မြို့နယ် ပြန်/ဆက်)

❍ ***ကျောဖုံးမှ***

သီးခြားအောက်ဆီဂျင်မော်လီကျူးများသည် အာကာသအတွင်း အထူးသဖြင့် ကြယ်စုများအတွင်း၌ ရှိနေတတ်ကြသည်။ သို့ရာတွင် လူသားတို့ အသက်ရှူနိုင်သည့် ၂၀ ရာခိုင်နှုန်းသော အောက်ဆီဂျင်မော်လီကျူးများကို နက္ခတ္တဗေဒ သိပ္ပံပညာရှင်တို့က ယနေ့တိုင်တွေ့ရန် ခက်ခဲနေသည်။

"အောက်ဆီဂျင်ဓာတ်ငွေ့ကို ၁၇၇၀ ပြည့်လွန်နှစ်က တွေ့ရှိခဲ့ပါတယ်။ ဒါပေမယ့် နှစ်ပေါင်း ၂၃၀ကြာမှ အာကာသထဲမှာ အောက်ဆီဂျင်မော်လီကျူးရှိတာကို အခိုင်အမာ ပြောဆိုနိုင်ခဲ့ပါတယ်"လို့ နာဆာမှ ဟာရှဲလ် စီမံကိန်းသိပ္ပံပညာရှင် ပေါလ်ဂိုးလ်စမစ်က အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် ပါဆာဒီးနားရှိ နာဆာ အေဂျင်စီ၏ အာကာသလွှတ်တင်ရေးစခန်း၌ ပြောကြားခဲ့သည်။

ဂိုးလ်စမစ်သည် ယင်းတွေ့ရှိမှုများကို မကြာမီက ဦးဆောင်စာတမ်း ရေးသားခဲ့ပြီး နက္ခတ္တဗေဒ ဂျာနယ်၌ ဖော်ပြခဲ့သည်။ ဟာရှဲလ်သည် နာဆာနှင့် ပူးပေါင်းဆောင်ရွက်နေသည့် ဥရောပအာကာသအေဂျင်စီ၏ ဦးဆောင်မစ်ရှင်အဖွဲ့ ဖြစ်သည်။ သုတေသီများက အခြားသော ကြယ်စုဖွဲ့စည်းတည်ရှိရာနေရာများ၌ အောက်ဆီဂျင်မော်လီကျူးများကို ဆက်လက်ရှာဖွေသွားရန် စီစဉ်လျက်ရှိသည်။

"အောက်ဆီဂျင်ဟာ စကြဝဠာအတွင်း တတိယအများဆုံးတွေ့ရတဲ့ ဒြပ်စင်ဖြစ်ပြီး ၎င်းရဲ့ မော်လီကျူးဖွဲ့စည်းမှုပုံစံကို အာကာသအတွင်း ပေါများစွာ တွေ့ရပါတယ်"ဟု ဟာရှဲလ် အစီအစဉ် သိပ္ပံပညာရှင် ဘီလ်ဒန်ချိုင်းက ဝါရှင်တန်ရှိ နာဆာဌာနချုပ်၌ ပြောကြားသည်။

"ဟာရှဲလ်က ဒီ မဖြေရှင်းနိုင်တဲ့ လျှို့ဝှက်ချက်ကို ဖော်ထုတ်နိုင်ဖို့ အလွန်အားကောင်းတဲ့ ကိရိယာတစ်ခုကို ထောက်ပံ့ပေးအပ်ခဲ့ပါတယ်။ ဒါကတော့ အာကာသအတွင်း ပုန်းကွယ်ငုပ်လျှိုးနေတဲ့ အောက်ဆီဂျင် မော်လီကျူးများကို စမ်းသပ်နိုင်တဲ့ ကိရိယာဖြစ်ပါတယ်"ဟု ၎င်းက ဆက်လက်ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

မြန်မာ့အလင်း စာအုပ်စင် ကဏ္ဍ

မခင်လေး၏ ကောင်းကင်သစ်အတွက် မက်တဲ့အိပ်မက် စာအုပ်ထုတ်ဝေဖြန့်ချိ



နေပြည်တော် ဩဂုတ် ၃

စာရေးဆရာမ မခင်လေး၏ **"ကောင်းကင်သစ်အတွက် မက်တဲ့အိပ်မက်"** စာအုပ်ကို ထုတ်ဝေဖြန့်ချိလိုက်ကြောင်း သိရသည်။ **(ဝဲပုံ)**

ရည်ညွှန်းထား

အဆိုပါစာအုပ်တွင် ဖတ်သူမဲ့တဲ့စာ၊ အိပ်မက်ခဏမက်ပါရစေ၊ ပန်းပြတ်ခိုက်ကြုံ၊ ပန်းအိုးနဲ့ပန်း၊ ကောင်းကင်သစ်အတွက် မက်တဲ့အိပ်မက်၊ ဂေါက်ကွင်းသီအိုရီ စသည့် မဂ္ဂဇင်းဝတ္ထုရှည် ၁၀ ပုဒ် ကို စုစည်းဖော်ပြထားပြီး စာရေးသူက ၎င်း၏ စာအုပ်ကို ကောင်းကင်သစ်အတွက် အိပ်မက်နေသူအားလုံးအတွက် စုစည်းထုတ်ဝေလိုက်ခြင်းဖြစ်ကြောင်း ရည်ညွှန်းထားသည်။

ယင်းစာအုပ်ကို စိတ်ကူးချိုချိုစာပေက ထုတ်ဝေပြီး နန်းဒေဝီစာပေမှ တစ်အုပ်လျှင် ငွေကျပ် ၂၀၀၀ နှုန်းဖြင့် ထုတ်ဝေဖြန့်ချိလိုက်ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

ရန်ကုန်ခရီးသွားဂျာနယ် ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဩဂုတ် ၃

မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံထိန်းသိမ်းရေးကော်မတီ (ရန်ကုန်တိုင်းဒေသကြီး)က ရန်ကုန်ခရီးသွားဂျာနယ် အတွဲ (၄)၊ အမှတ် (၈) ကို ဇူလိုင် ၂၈ ရက်က ထုတ်ဝေဖြန့်ချိလိုက်သည်။

ဆက်သွယ်ထား

ရန်ကုန်ခရီးသွားဂျာနယ်ကို ရန်ကုန်မြို့ စာအုပ်ဆိုင်ကြီးများ၊ မထသဌာနခွဲများနှင့် ဂိတ်များ၌ရနိုင်ပြီး စာမူနှင့် ကြော်ငြာကိစ္စများအတွက် ဆက်သွယ်လိုပါက အမှတ် (၄၇၄) သိမ်ဖြူလမ်း ကန်တော်ကလေးစာတိုက်ရှေ့ ဖို့မြေရပ်ကွက် မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၃၈၁၈၅၈ သို့ ဆက်သွယ်နိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ပန်းစည်းကြိုးမဂ္ဂဇင်း ဝတ္ထုရှည်များစာအုပ် ဒုတိယအကြိမ်ထုတ်ဝေဖြန့်ချိ

နေပြည်တော် ဩဂုတ် ၃

ခင်ခင်ထူးရေးသားသည့် ပန်းစည်းကြိုးမဂ္ဂဇင်း ဝတ္ထုရှည်များစာအုပ် ဒုတိယအကြိမ် ထုတ်ဝေဖြန့်ချိလိုက်ကြောင်း သိရသည်။ **(အပေါ်ပုံ)**

ထုတ်ဝေဖြန့်ချိ

အဆိုပါ စာအုပ်တွင် မုန့်ဆပ်သွားဖူးကလေး၊ မြိုင်နှင့် ရဂုံ၊ အဝေးကမှန်း ဟိုရွာလမ်း စီတန်းကြီးလှပါဘိ၊ ဂမ္ဘီရပန်းပွင့်များ၊ မရိုးကောက်၊ ကျားထူးအလွန်၊ ညနေပန်းသီ၊ မြစိမ်းရည်၊ နတ်အိုးကွဲ စသော ဝတ္ထုတိုများပါဝင်ပြီး တစ်အုပ်လျှင် ငွေကျပ် ၁၅၀၀ နှုန်းဖြင့် ဓူဝံစာအုပ်တိုက် အမှတ်၂၁၂ ၃၁လမ်း ရန်ကုန်မြို့မှ ထုတ်ဝေဖြန့်ချိလိုက်ကြောင်း သိရှိရသည်။

(မြန်မာ့အလင်း)

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်း အကောင်အထည်ဖော်မှုအစည်းအဝေး မန္တလေးတိုင်းဒေသကြီး၌ကျင်းပ

နေပြည်တော် ဩဂုတ် ၃

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့်ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်း အကောင်အထည်ဖော်ရာတွင် ဆပ်ကော်မတီများအနေဖြင့် အဓိကစီမံချက်လုပ်ငန်းကဏ္ဍ (၈)ရပ်ကို အလေးအနက်ထား၍ အမှန်တကယ်လိုအပ်သော ကျေးလက်ဒေသများကိုဗဟိုပြုကာ ဆောင်ရွက်နေကြောင်း၊ ကျေးလက်နေပြည်သူများ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး၊ လူနေမှုဘဝမြင့်မားလာစေရေးအတွက် သက်ဆိုင်ရာ အထောက်အကူပြု ကော်မတီအဆင့်ဆင့်တို့က အောက်ခြေအထိ အမြဲမပြတ်ကွင်းဆင်းလေ့လာပြီး လိုအပ်သောနည်းပညာနှင့် အရင်းအနှီးများရရှိရေးအတွက် ပေါင်းစပ်ပံ့ပိုးကူညီပေးလျက်ရှိကြောင်းဖြင့် ဩဂုတ် ၂ ရက် နံနက် ၁၀ နာရီတွင် မန္တလေးမြို့တော်ခန်းမ၌ ကျင်းပသည့် တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်း အကောင်အထည်ဖော်မှု ညှိနှိုင်းအစည်းအဝေးတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့်က ဆွေးနွေးပြောကြားသည်။

ရှင်းလင်းပြောကြား

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးများက သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် ပံ့ပိုးဆောင်ရွက်ပေးမည့် အစီအစဉ်များကို ရှင်းလင်းပြောကြားကြသည်။

ယင်းနောက် မန္တလေး၊ ပြင်ဦးလွင်၊ ကျောက်ဆည်၊ မြင်းခြံ၊ မိတ္ထီလာ၊ ရမည်းသင်းနှင့် ညောင်ဦးခရိုင် အုပ်ချုပ်ရေးမှူးများက သက်ဆိုင်ရာခရိုင်များအတွင်းရှိ ကျေးလက်ဒေသများ၌ ကွင်းဆင်းဆောင်ရွက်နေသည့် လုပ်ငန်းအခြေအနေများနှင့်ပတ်သက်၍ ဆွေးနွေးတင်ပြခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့် မန္တလေးမြို့တော်ခန်းမ၌ ကျင်းပသည့် တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်း အကောင်အထည်ဖော်မှု ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ ပိုက်ကျော်ခြင်း ပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဩဂုတ် ၃

၂၀၁၁ ခုနှစ် (၁၇)ကြိမ်မြောက် တိုင်းဒေသကြီးနှင့် ပြည်နယ် ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးအသင်း အောင်မြင်မှုရရှိစေရေးနှင့် ထူးချွန်ထက်မြက်သော ပိုက်ကျော်ခြင်းအားကစားသမားများ ပေါ်ထွက်လာစေရေးတို့အတွက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံလူသစ်တန်း ပိုက်ကျော်ခြင်း အဖွဲ့လိုက်ပြိုင်ပွဲကို ဩဂုတ် ၆ ရက်မှ ၁၀ ရက်အထိ နေ့စဉ် နံနက် ၈ နာရီမှစတင်၍ တောင်ဥက္ကလာပမြို့နယ် ပဒေသာအားကစားခန်းမ၌ ကျင်းပသွားမည်ဖြစ်သည်။

ပါဝင်ယှဉ်ပြိုင်

ယင်းပြိုင်ပွဲသို့ မြို့နယ်ပေါင်း ၃၆ မြို့နယ် ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ **(သတင်းစဉ်)**

ကွန်းချောင်းရေအားလျှပ်စစ်စီမံကိန်း ဒုတိယဝန်ကြီး ဦးမြင့်ဇော် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၃

အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်ဇော်သည် ဩဂုတ် ၁ ရက် နံနက်ပိုင်းက ပဲခူးတိုင်းဒေသကြီး ဖြူးမြို့ အနောက်တောင်ဘက် ကိုးမိုင်ခန့်အကွာရှိ ကွန်းချောင်းပေါ်တွင် အမှတ်(၃) တည်ဆောက်ရေးက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ကွန်းချောင်းရေအားလျှပ်စစ်စီမံကိန်းသို့ရောက်ရှိပြီး ရေလွှဲထိန်းစည်နှင့် ဖိအားမြင့်သံမဏိပိုက်လိုင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှု၊ ပင်မတမံအတွင်းရေဝင်ရောက်မှု၊ ရေသိုလှောင်ထားရှိမှု၊ ရေပိုလွှဲလုပ်ငန်း၊ ရေလွှဲရေထုတ်ပြွန်နှင့် ရေထိန်းမျှော်စင်၊ ရေယူအဆောက်အအုံလုပ်ငန်း၊ ဖိအားနိမ့် သံမဏိပိုက်လိုင်း တပ်ဆင်ပြီးစီးမှု အခြေအနေတို့ကို လိုက်လံကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ဝဲပုံ)**

မှာကြား

ယင်းနောက် ဒုတိယဝန်ကြီးသည် ဓာတ်အားပေးစက်ရုံအတွင်း စက်အမှတ် (၁)၊ (၂)၊ (၃) စက်တပ်ဆင်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုနှင့် ဓာတ်အားထိန်းချုပ်ခန်း တပ်ဆင်ပြီးစီးမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များကို တာဝန်ရှိသူများအား မှာကြားခဲ့သည်။ အဆိုပါ ကွန်းချောင်းရေအားလျှပ်စစ်စီမံကိန်း ပြီးစီးပါက စက်တစ်လုံးလျှင် မဂ္ဂါဝပ် ၂၀ ရှိ စက်သုံးလုံးဖြင့် စုစုပေါင်းတပ်ဆင်အင်အား မဂ္ဂါဝပ် ၆၀ မှ နှစ်စဉ်ပျမ်းမျှ လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီသန်းပေါင်း ၁၉၀ ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**



ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် ဆောင်းပါးပြိုင်ပွဲ ဆရာ ဆရာမများ ပါဝင်ယှဉ်ပြိုင်ရန်ဖိတ်ခေါ်

နေပြည်တော် ဩဂုတ် ၃

အောက်တိုဘာ ၅ ရက်တွင် ကျရောက်မည့် ကမ္ဘာ့ဆရာများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ၂၀၁၁ ခုနှစ် ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် ဆရာ ဆရာမများ ဆောင်းပါးပြိုင်ပွဲကို အဆင့်မြင့်ပညာအဆင့်၊ အခြေခံပညာအထက်တန်း၊ အလယ်တန်းနှင့် မူလတန်းအဆင့်ဟူ၍ အဆင့်လေးဆင့်ခွဲ၍ ကျင်းပမည်ဖြစ်သည်။

တက္ကသိုလ်၊ ကောလိပ်များမှ ဆရာ ဆရာမများနှင့် အငြိမ်းစား ဆရာ ဆရာမများသည် အဆင့်မြင့်ပညာအဆင့်တွင်လည်းကောင်း၊ မြို့နယ်ပညာရေးမှူးနှင့် အထက်အဆင့်ရှိ အရာထမ်းများ၊ အခြေခံပညာကျောင်းအုပ်ကြီးများ၊ အထက်တန်းပြ၊ အလယ်တန်းပြ၊ မူလတန်းပြများနှင့် အငြိမ်းစား ဆရာ ဆရာမများသည် သက်ဆိုင်ရာ အခြေခံပညာအဆင့်တွင်လည်းကောင်း ပါဝင်ယှဉ်ပြိုင်နိုင်သည်။

ဆောင်းပါးခေါင်းစဉ်မှာ **"ပညာရည်မြင့်မားရေး ဆရာများက ဝိုင်းဝန်းကြိုးပမ်းပေး"** ဖြစ်ပြီး စာလုံးရေ (၃၀၀၀) မှ (၄၀၀၀) အတွင်း စာမျက်နှာတစ်ဖက်တည်းတွင်သာ ရေးသားရန်၊ စာမျက်နှာတပ်၍ စာမူနောက်ကျောတွင် ရေးသူအမည်၊ ပညာအရည်အချင်း၊ ရာထူးနှင့် ကျောင်း၊ အိမ်လိပ်စာတို့ကို ဖော်ပြရန်ဖြစ်သည်။

စာမူနှစ်စောင်နှင့်အတူ ကိုယ်တိုင်ရေးသားကြောင်း ဝန်ခံချက်၊ ကိုယ်ရေးအကျဉ်းနှင့် ရောင်စုံလိုင်စင်ဓာတ်ပုံ (တစ်လက်မခွဲ၊ နှစ်လက်မ) သုံးပုံတို့ကို စာအိတ်တွင် လုံခြုံစွာထည့်သွင်းပြီး ဒေါ်တင်တင်ရှု ဒုတိယညွှန်ကြားရေးမှူး၊ ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန(သင်ရိုးဌာနခွဲ) အမှတ် ၁၂၃ နတ်မောက်လမ်း ဗဟန်းမြို့နယ် ရန်ကုန်မြို့သို့ စက်တင်ဘာ ၁၅ ရက် နောက်ဆုံးထား ပေးပို့ရမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သပိတ်ကျင်းမြို့နယ်၌ အထက ကျောင်းတံတား အကြီးစား ပြင်ဆင်ခြင်းလုပ်ငန်းအား ဇူလိုင် ၂၇ ရက်က အမှုဆောင်အရာရှိ ဦးအောင်ကျော်ဟိန်း ကြီးကြပ်လျက် တာဝန်ခံအင်ဂျင်နီယာ ဦးမြင့်အောင်နှင့်အဖွဲ့ ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

မှတ်သားဖွယ်ရာ မိုးရေချိန်များ

၃-၈-၂၀၁၁

မုဒုံမြို့
၅ ဒသမ ၄၇ လက်မ
မြစ်ကြီးနားမြို့
၄ ဒသမ ၈၈ လက်မ
ကော့ကရိတ်မြို့
၃ ဒသမ ၄၃ လက်မ
သိမ်ဇရပ်မြို့
၃ ဒသမ ၁၉ လက်မ
သံတွဲမြို့
၂ ဒသမ ၈၇ လက်မ
ရန်ကုန်(ကမ္ဘာအေး)
၂ ဒသမ ၇၂ လက်မ
တောင်ကုတ်မြို့
၂ ဒသမ ၆၄ လက်မ
ပဲခူးမြို့
၂ ဒသမ ၅၆ လက်မ

ကမ်းရိုးတန်းဒေသများတွင် မိုးပိုလာမည်

နေပြည်တော် ဩဂုတ် ၃

စဉ်	တိုင်းဒေသကြီးနှင့်ပြည်နယ်	အပူချိန်(စင်တီဂရိတ်)		မနက်ဖြန်အတွက်	
		အမြင့်ဆုံး	အနိမ့်ဆုံး	ခန့်မှန်းချက်	ရွာရန်ရာနှုန်း
၁	ကချင်ပြည်နယ်	၃၃	၂၄	နေရာအနှံ့အပြားမိုးထစ်ချုန်းရွာမည်	၁၀၀%
၂	ကယားပြည်နယ်	၂၆	၂၀	နေရာစိပ်စိပ်မိုးထစ်ချုန်းရွာမည်	၁၀၀%
၃	ကရင်ပြည်နယ်	၂၈	၂၃	နေရာအနှံ့အပြားမိုးထစ်ချုန်း ရွာပြီး နေရာကွက်၍မိုးကြီးနိုင်	၁၀၀%
၄	ချင်းပြည်နယ်	၂၀	၁၃	နေရာအနှံ့အပြားမိုးထစ်ချုန်း ရွာမည်	၁၀၀%
၅	စစ်ကိုင်းတိုင်းဒေသကြီး(အထက်ပိုင်း)	၃၀	၂၂	နေရာအနှံ့အပြားမိုးထစ်ချုန်း ရွာမည်	၁၀၀%
၆	စစ်ကိုင်းတိုင်းဒေသကြီး(အောက်ပိုင်း)	၃၆	၂၆	နေရာကျဲကျဲမိုးထစ်ချုန်းရွာမည်	၁၀၀%
၇	တနင်္သာရီတိုင်းဒေသကြီး	၂၉	၂၄	နေရာအနှံ့အပြားမိုးထစ်ချုန်း ရွာပြီး နေရာကွက်၍မိုးကြီးနိုင်	၁၀၀%
၈	ပဲခူးတိုင်းဒေသကြီး	၂၇	၂၂	နေရာအနှံ့အပြားမိုးထစ်ချုန်း ရွာမည်	၁၀၀%
၉	မကွေးတိုင်းဒေသကြီး	၃၂	၂၇	နေရာကျဲကျဲမိုးထစ်ချုန်းရွာမည်	၁၀၀%
၁၀	မန္တလေးတိုင်းဒေသကြီး	၃၇	၂၈	နေရာစိပ်စိပ်မိုးထစ်ချုန်းရွာမည်	၁၀၀%
၁၁	မွန်ပြည်နယ်	၃၁	၂၃	နေရာအနှံ့အပြားမိုးထစ်ချုန်း ရွာပြီး နေရာကွက်၍မိုးကြီးနိုင်	၁၀၀%
၁၂	ရန်ကုန်တိုင်းဒေသကြီး	၃၁	၂၃	နေရာအနှံ့အပြားမိုးထစ်ချုန်း ရွာပြီး နေရာကွက်၍မိုးကြီးနိုင်	၁၀၀%
၁၃	ရခိုင်ပြည်နယ်	၃၁	၂၂	နေရာအနှံ့အပြားမိုးထစ်ချုန်း ရွာပြီး နေရာကွက်၍မိုးကြီးနိုင်	၁၀၀%
၁၄	ရှမ်းပြည်နယ်(တောင်ပိုင်း)	၂၂	၁၉	နေရာစိပ်စိပ်မိုးထစ်ချုန်းရွာမည်	၁၀၀%
၁၅	ရှမ်းပြည်နယ်(မြောက်ပိုင်း)	၃၀	၂၀	နေရာစိပ်စိပ်မိုးထစ်ချုန်းရွာမည်	၁၀၀%
၁၆	ရှမ်းပြည်နယ်(အရှေ့ပိုင်း)	၂၇	၂၁	နေရာစိပ်စိပ်မိုးထစ်ချုန်းရွာမည်	၁၀၀%
၁၇	ဧရာဝတီတိုင်းဒေသကြီး	၃၀	၂၅	နေရာအနှံ့အပြားမိုးထစ်ချုန်း ရွာမည်	၁၀၀%
၁၈	နေပြည်တော်နှင့် အနီးတစ်ဝိုက်	၃၂	၂၆	နေရာကွက်ကျားမိုးထစ်ချုန်း ရွာမည်	၁၀၀%
၁၉	ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်	၃၁	၂၃	မိုးအသင့်အတင့်ထစ်ချုန်း ရွာမည်	၁၀၀%
၂၀	မန္တလေးမြို့နှင့် အနီးတစ်ဝိုက်	၃၇	၂၈	နေရာကွက်ကျားမိုးထစ်ချုန်း ရွာမည်	၈၀%

ယနေ့နံနက် ၉ နာရီခွဲအချိန် အထိ မိုးလေဝသ တိုင်းထွာချက် အကျဉ်းချုပ်	လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်းတွင် နေရာကွက်ကျား၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့်ကယားပြည်နယ်တို့တွင်နေရာကျဲကျဲ၊ ပဲခူးတိုင်းဒေသကြီးတွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး မွန်ပြည်နယ်တွင် ဒေသအလိုက်နှင့် ကချင်ပြည်နယ်နှင့်ကရင်ပြည်နယ်တို့တွင် နေရာကွက်၍မိုးကြီးခဲ့သည်။
ဘင်္ဂလားပင်လယ်အော်အခြေအနေ	ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားအလွန်ကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအားကောင်းနေသည်။
မြန်မာ့ပင်လယ်ပြင်အခြေအနေ	မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ မှ ၄၅ မိုင်အထိ တိုက်ခတ်နိုင်သည်။
နောက်နှစ်ရက်အတွက်ခန့်မှန်းချက်	ကမ်းရိုးတန်းဒေသများတွင် မိုးပိုလာမည်။

မန်စီမြို့နယ်၌ သောင်းကျန်းသူများ ထောင်ထားသည့် မိုင်းပေါက်ကွဲမှုတစ်ခုဖြစ်ပွား သံဃာတစ်ပါးနှင့် အပြစ်မဲ့ပြည်သူတစ်ဦး ဒဏ်ရာရရှိ

နေပြည်တော် ဩဂုတ် ၃

မန်စီမြို့နယ် နမ့်ဟန်-စီအူရွာသွား ကားလမ်း၌ သောင်းကျန်းသူများ ထောင်ထားသည့် မိုင်းပေါက်ကွဲမှုတစ်ခုဖြစ်ပွားခဲ့ရာ သံဃာတစ်ပါးနှင့် အပြစ်မဲ့ပြည်သူတစ်ဦး မိုင်းစထိမှန် ဒဏ်ရာရရှိခဲ့ကြောင်း သိရှိရသည်။

ကူညီစောင့်ရှောက်

ဇူလိုင် ၁၉ ရက် နံနက် ၉ နာရီခွဲခန့်တွင် မန်စီမြို့နယ် နမ့်ဟန်ရွာ ဘုန်းတော်ကြီးကျောင်းမှ သံဃာ ဦးအဂ္ဂဓမ္မ (ဘ) ဦးငြိမ်းနှင့် နမ့်ဟန်ရွာနေ ဦးအောင်မင်း (ဘ) ဦးလှမောင်တို့သည် နမ့်ဟန်ရွာမှ မဘိမ်းမြို့နယ် တုံကွာရွာသို့ ဆိုင်ကယ်ဖြင့်သွားရောက်စဉ် မန်စီမြို့နယ် စီအူရွာအနီး နမ့်ဟန်-စီအူရွာသွား ကားလမ်း၌ သောင်းကျန်းသူများထောင်ထားသည့် မိုင်းတစ်လုံးအား နင်းမိပေါက်ကွဲခဲ့ပြီး သံဃာ ဦးအဂ္ဂဓမ္မမှာ လက်၊ နားရွက်၊ ဝမ်းဗိုက်နှင့် ခြေထောက်တို့၌လည်းကောင်း၊ ဦးအောင်မင်းမှာ နံဘေး၊ ပေါင်နှင့် နားရွက်တို့၌ လည်းကောင်း မိုင်းစထိမှန်ဒဏ်ရာ (မစိုးရိမ်ရ)များ ရရှိခဲ့ကြောင်းနှင့် ဒဏ်ရာရရှိသူများအား မဘိမ်းမြို့နယ် ပြည်သူ့ဆေးရုံတွင် ကုသပေးလျက်ရှိပြီး တာဝန်ရှိသူများက လိုအပ်သည်များ ကူညီစောင့်ရှောက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

သတင်းပေးပို့

သောင်းကျန်းသူများသည် ရပ်ရွာအေးချမ်းသာယာမှုကို ပျက်ပြားစေရန်၊ အပြစ်မဲ့ပြည်သူတို့ ထိတ်လန့်ချောက်ချားပြီး နေထိုင်မှုဘဝ မတည်မငြိမ်ဖြစ်စေရန် ရည်ရွယ်လျက် မိုင်းထောင်ခြင်း၊ မိုင်းခွဲဖျက်ဆီးခြင်းများကို မကြာခဏ ပြုလုပ်လျက်ရှိရာ ပြည်သူများအနေဖြင့် သောင်းကျန်းသူများ ပြုလုပ်လာနိုင်သည့် အဖျက်လုပ်ရပ်များကို သတိထား၍ သွားလာနေထိုင်ကြရန်နှင့် ထူးခြားမှုများရှိပါက သတင်းပေးပို့ဆောင်ရွက်သွားကြရန် သက်ဆိုင်ရာက နှိုးဆော်ထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံဆေးဝါးလုပ်ငန်းစက်ရုံများမှ သွင်းကုန်အစားထိုးဆေးဝါးပစ္စည်းများ ထုတ်လုပ်လျက်ရှိ

ရန်ကုန် ဩဂုတ် ၃

နိုင်ငံတော်သစ်ကို တည်ဆောက်ရာတွင် နိုင်ငံသားအားလုံး ကျန်းမာကြံ့ခိုင်ပြီး လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးသည် အဓိကကျလျက်ရှိရာ နိုင်ငံတော်အစိုးရက တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို နယ်စပ်ဒေသပါမကျန် လွှမ်းခြုံဆောင်ရွက်ပေးလျက်ရှိသည်။

"ရောင်းချသူနဲ့ သုံးစွဲသူတွေကို ဘေးကင်းစေပါတယ်"
ဒေါ်ရင်ရင်ဦး(လက်ထောက်စက်ရုံမှူး)

တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ကျန်းမာရေးကဏ္ဍအဆင့်အတန်းတိုးတက်ရေးအတွက် အမှတ်(၁)စက်မှုဝန်ကြီးဌာန မြန်မာနိုင်ငံဆေးဝါးလုပ်ငန်း စက်ရုံများဖြစ်သော ကျောက်ဆည် (အင်ရောင်း)နှင့် မြန်မာနိုင်ငံဆေးဝါးလုပ်ငန်းစက်ရုံ (ရန်ကုန်) တို့သည် ပြောင်းလဲတိုးတက်လာသော ခေတ်မီနည်းပညာများနှင့် စက်ပစ္စည်းများကိုအသုံးပြုပြီး သွင်းကုန်အစားထိုးအဖြစ် တစ်ခါသုံးဆေးထိုးအပ် (M.P.F Kyaukse Syringe)နှင့် သွေးကြောသွင်းဆေးရည် (Dextrose Drip)များကို အောင်မြင်စွာထုတ်လုပ်လျက်ရှိသည်။

မြန်မာနိုင်ငံ ဆေးဝါးလုပ်ငန်းစက်ရုံမှ ထုတ်လုပ်သော Syringe တစ်ခါသုံး ဆေးထိုးအပ်များ။

အထောက်အကူပြု

ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးလုပ်ငန်းစဉ်တွင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးသည်လည်း အဓိကကျလျက်ရှိရာ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများမြင့်မားလာပြီး လူ့စွမ်းအားအရင်းအမြစ်များ ပိုမိုပေါ်ထွန်းလာစေရန်အတွက် မြန်မာနိုင်ငံဆေးဝါးလုပ်ငန်းစက်ရုံမှပညာရှင်များနှင့် ဝန်ထမ်းများက ကျန်းမာရေးဆိုင်ရာအထောက်အကူပြုလုပ်ငန်းတစ်ရပ်အဖြစ် ပါဝင်ဆောင်ရွက်ကြခြင်းပင်ဖြစ်သည်။

သန့်စင်စေ

"တစ်ခါသုံးဆေးထိုးအပ်တွေဟာ နည်းပညာအသစ်၊ ထုပ်ပိုးမှုအသစ်တွေနဲ့ နိုင်ငံတကာအဆင့်မီ GMP နည်းပညာအတိုင်း ထုတ်လုပ်ထားခြင်းဖြစ်ပါတယ်။ Gas Paper Ribbon အသုံးပြုပြီးအလုံပိတ် ထုပ်ပိုးစနစ်ဖြစ်တဲ့အတွက် အမှုန်နဲ့ဘက်တီးရီးယားပိုးမွှားတွေ ဝင်ရောက်နိုင်မှုမရှိတဲ့အပြင် Ethylene Oxide (E.O) ဖြတ်သန်းနိုင်တဲ့ Gas Paper Ribbonကို အသုံးပြုထားတဲ့အတွက် E.O Gas ဟာ ဆေးထိုးအပ်သို့ လွယ်ကူစွာ ဖြတ်သန်းပြီး ပိုးသတ်မှုကို ထိရောက်စေပါတယ်။ ဒါ့အပြင် E.O Gas နဲ့ ပိုးသတ်တဲ့အခါ E.O ဓာတ်ငွေ့ကျန်များကို E.O Sterillizer မှ (Vacuum) စနစ်ဖြင့် လေစုပ်ထုတ်ခြင်းဖြင့် သန့်စင်စေပါတယ်။ ထပ်မံ၍ E.O Sterillizer ဖြင့်ပိုးသတ်ပြီး ဆေးထိုးအပ်တွေကို Ventilation အခန်းမှာထားရှိတဲ့အခါ ကြွင်းကျန်တဲ့ E.O Gas ဓာတ်ငွေ့တွေဟာ Gas Paper ကိုဖြတ်သန်းပြီး ပြင်ပကိုထွက်ရှိလာပါတယ်။ ထွက်ရှိလာတဲ့ E.O Gas တွေကို Exhaust System မှတစ်ဆင့်စုပ်ယူပြီး ရေမှာဖြတ်သန်းစေခြင်းဖြင့် ပြိုကွဲစေပါတယ်။ ဓာတ်ငွေ့အကြွင်းအကျန်တွေ (လုံးဝ)ကင်းစင်စေတဲ့အတွက် ရောင်းချသူနဲ့ သုံးစွဲသူတွေကို ဘေးကင်းစေပါတယ်"ဟု လက်ထောက်စက်ရုံမှူး ဒေါ်ရင်ရင်ဦးက ရှင်းပြသည်။

ဖြည့်ဆည်းပေးနိုင်

ထို့အပြင် ဆေးဝါးနှင့်စားသောက်ကုန်ထုတ်လုပ်မှုနည်းပညာ ဖွံ့ဖြိုးရေးဌာန ညွှန်ကြားရေးမှူး ဒေါက်တာဦးအောင်ဌေးဦးကလည်း "သွေးကြောသွင်းဆေးရည်များဟာ မြန်မာနိုင်ငံဆေးဝါးလုပ်ငန်းစက်ရုံ (ရန်ကုန်)နဲ့ အင်ရောင်း (ကျောက်ဆည်) တို့မှ နိုင်ငံတကာအဆင့်မီထုတ်လုပ်သော ဆေးရည်များဖြစ်ကြောင်း၊ သွေးကြောသွင်းဆေးရည်များ ထုတ်လုပ်နိုင်မှုစွမ်းအားအရ သွင်းကုန်အစားထိုးအဖြစ် ကျန်းမာရေးလိုအပ်ချက်အတွက် ဖြည့်ဆည်းပေးနိုင်ကြောင်း၊ သွေးကြောသွင်းဆေးရည်ကို အရည်အသွေး တွက်ချက်နည်းစဉ်ဖြင့် စမ်းသပ်စစ်ဆေးရာတွင် Dextrose, Dextrose and Sodium Chloride, Sodium Chloride နဲ့ Compound Sodium Lactate ပါဝင်မှုရာခိုင်နှုန်း အချိုးအစားများမှာ ပြည်ပမှသွင်းကုန် သွေးကြောသွင်းဆေးရည်များထက်ပိုမိုပြီး အရည်အသွေး သာလွန်တိကျ ကောင်းမွန်သည်ကိုတွေ့ရကြောင်း၊ မြန်မာနိုင်ငံမှထုတ်လုပ်သော သွေးကြောသွင်းဆေးရည်များ၏ အရည်အသွေးကောင်းမွန်မှု၊ GMPနှင့်အညီ ထုတ်လုပ်ထားရှိမှုတို့တွင် Flip-off Aluminium Cap with Rubber Insert နှင့် အဆင့်မြင့်ပလတ်စတစ် bottle ကို သုံးစွဲထားပြီး စျေးနှုန်းမှာလည်းပြည်ပမှတင်သွင်းသော သွေးကြောသွင်းဆေးရည်များထက် သက်သာမှုရှိကြောင်း" ရှင်းပြသည်။

ဆေးရည်ငါးမျိုး

"Essential Drug Infusion စာရင်းဝင် သွေးကြောသွင်းဆေးရည်ငါးမျိုးမှာ (၁) 5% Dextrose Infusion ခန္ဓာကိုယ်အတွက် ရေဓာတ်နှင့် စွမ်းအင်ဖြည့်ဆေးရည်၊ (၂) 0.9% Sodium Chloride Infusion (Physiological Saline) ခန္ဓာကိုယ်အတွက် ရေဓာတ်နှင့် ဆိုဒီယမ်ကလိုရိုဒ်ဓာတ်ဖြည့်ဆေးရည်၊ (၃) Dextrose 5% & Sodium Chloride 0.9% Infusion (Dextrose & Physiological Saline) ခန္ဓာကိုယ်အတွက် ရေဓာတ်နှင့် ဆိုဒီယမ်ကလိုရိုက်ဓာတ်နှင့် စွမ်းအင်ဖြည့်ဆေးရည်၊(၄) Dextrose 2.5% & Sodium Chloride 0.45% Solution (½ Strength DPS) ခန္ဓာကိုယ်အတွက်ရေဓာတ်၊ ဆိုဒီယမ်ကလိုရိုဒ်ဓာတ်နှင့် စွမ်းအင်ပြည့်ဆေးရည်၊ (၅) Ringer's Lactate Infusion ခန္ဓာကိုယ်အတွက် ရေဓာတ်နှင့်ဓာတ်ဆားများဖြည့်ဆေးရည်တို့ ဖြစ်ကြောင်း"ဟု ထပ်မံ ရှင်းပြသည်။

ဖြန့်ဖြူး

သို့ဖြစ်ရာ အဆိုပါသွင်းကုန်အစားထိုး ဆေးဝါးများထုတ်လုပ်ရာတွင် လိုအပ်သော စံချိန်စံညွှန်းမီ အဆောက်အအုံများ၊ အခန်းဖွဲ့စည်းပုံနည်းစနစ်များ၊ ပိုးမွှားသန့်စင်မှု အဆင့်ဆင့်နှင့် ဝန်ထမ်းနားနေခန်းများ၊ ပိုးမွှားကင်းစင်သောဝတ်စုံများဖြင့် နိုင်ငံတကာအဆင့်မီ ထုတ်လုပ်ရေးစက်ပစ္စည်းသစ်များကို အသုံးပြုဆောင်ရွက်နေပြီး တစ်ခါသုံးဆေးထိုးအပ် (M.P.F KYAUKSE SYRINGE)နှင့် သွေးကြောသွင်းဆေးရည် [(Dextrose Drip)] များကို ရန်ကုန်မြို့ တာမွေမြို့နယ် ယုဇနပလာဇာအနီး စံပယ်လမ်း တိုက်အမှတ် (၁၇) အခန်းအမှတ် (၃) ဖုန်း-၇၃၀-၉၆၆၆၆ မှ မြန်မာတစ်နိုင်ငံလုံးကို ဖြန့်ဖြူးလျက်ရှိကြောင်း သတင်းကောင်းပါး ရေးသားလိုက်ရပါသည်။ ။

သတင်းမှတ်စု
သတင်းထောက် - ခင်မောင်သော် (ကမာရွတ်)
ဓာတ်ပုံ-ညီဘိုဘိုချော (ကမာရွတ်)

မြန်မာနိုင်ငံဆေးဝါးလုပ်ငန်းစက်ရုံမှ ထုတ်လုပ်သော Dextrose Drip သွေးကြောသွင်းဆေးရည်များ။



ဖွံ့ဖြိုးစည်ပင် မြန်ပြည်တစ်ခွင်

ကော့ကရိတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့အဝင်လမ်းဘေး ရေမြောင်းများ ရေစီးရေလာကောင်းမွန်ရေးအတွက် ဇူလိုင် ၂၉ ရက်က စက်ယန္တရားဖြင့်ဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးကျော်ကျော်ဦးကွင်းဆင်းကြီးကြပ်စဉ်။ (မြို့နယ်စည်ပင်)

ဟသ်ာတမြို့ လမ်းလယ်ကျွန်း၌ စတီးလ်လက်ရန်းကာရံခြင်းလုပ်ငန်းကို ဇူလိုင် ၂၇ ရက်က ဧရာဝတီတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်မင်းနိုင် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးခင်မောင်မြင့်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးသိန်းဇော်တို့ ရှင်းလင်းတင်ပြကြစဉ်။ (မြို့နယ်စည်ပင်)

ဝမ်းတွင်းမြို့နယ် ခရိုင်ချင်းဆက်လမ်း အမှတ်(၂)တွင် တံတားအတက်အဆင်းများကောင်းမွန်စေရန် အငယ်တန်းအင်ဂျင်နီယာ-၂ ဦးမောင်မောင်ကျော်နှင့်အဖွဲ့ဆောင်ရွက်နေမှုကို ဇူလိုင် ၂၀ ရက်က တာဝန်ခံအင်ဂျင်နီယာ ဦးမြတ်ကောင်း ကွင်းဆင်းကြီးကြပ်စဉ်။ (မြို့နယ်စည်ပင်)

လှိုင်းဘွဲ့မြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့မစျေးကြီးရှေ့ ရေစီးရေလာကောင်းမွန်ရေးအတွက် ဇူလိုင် ၂၈ ရက်က အုတ်ရေမြောင်းပြုလုပ်နေမှုကို အမှုဆောင်အရာရှိ ဦးသိန်းစိုး ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

သီပေါမြို့နယ် မြို့မစျေးတွင်ရောင်းချလျက်ရှိသော အသားဆိုင်များ ယင်လုံဆန်ခါတပ်ဆင်ရောင်းချရေးနှင့် အသားစျေးနှုန်းဆိုင်းဘုတ်များ တပ်ဆင်ရောင်းချရေးတို့အတွက် ဇူလိုင် ၂၇ရက်က အမှုဆောင်အရာရှိ ဦးသိန်းထိုက်ဦးနှင့်ဝန်ထမ်းများ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

ဝက်နားရွက်ပြာရောဂါ ကာကွယ်ရေး ကွမ်းလုံမြို့နယ်၌ ကွင်းဆင်းစစ်ဆေး

ကွမ်းလုံ ဩဂုတ် ၃

ကွမ်းလုံမြို့နယ်အတွင်း ရပ်ကွက်များရှိဝက်ခြံများ၊ သားသတ်ရုံများ၊ ကုန်ကြမ်းသိုလှောင်ခြံများနှင့်အသားရောင်းဆိုင်များတွင် ဝက်နားရွက်ပြာရောဂါနှင့်အခြားကူးစက်ရောဂါများ ကာကွယ်ရေးအတွက် ဇူလိုင် ၄ ရက်က မြို့နယ်တိရစ္ဆာန်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့ပူးပေါင်း၍ ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခဲ့ကြကြောင်း သိရှိရသည်။ (၄၀၁)

ဆိုင်ကယ်စီးရာတွင် လူနှစ်ဦးထက် ပိုမစီးရ

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး လယ်ဝေးမြို့၌ဆွေးနွေး

လယ်ဝေး ဩဂုတ် ၃

နေပြည်တော်ကောင်စီဝင် လယ်ဝေးမြို့နယ်တာဝန်ခံ ဦးမြင့်ဆွေသည် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်လွင်၊ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် ဝန်ထမ်းများအား ဩဂုတ် ၁ ရက် မွန်းလွဲ ၁ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌တွေ့ဆုံရာ မြို့နယ်အုပ်ချုပ်ရေးမှူးက မြို့နယ်အတွင်း လုပ်ငန်းဆောင်ရွက်ချက်များ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် နေပြည်တော်ကောင်စီဝင် ဦးမြင့်ဆွေက ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးမှာကြားခဲ့ကြောင်း သိရှိရသည်။ **(အပေါ်ပုံ)** **(မြို့နယ် ပြန်/ဆက်)**

ကျေးလက်နေပြည်သူများ ဆင်းရဲနွမ်းပါးမှုလျှော့ချရေး ငပုတောမြို့နယ်၌ ဆွေးနွေးပွဲများကျင်းပ

ငပုတော ဩဂုတ် ၃

ကျေးလက်နေပြည်သူများ ဆင်းရဲနွမ်းပါးမှုလျှော့ချရေး ဆွေးနွေးပွဲများကို ဇူလိုင် ၂၅ ရက် မွန်းလွဲ ၁ နာရီက ငပုတောမြို့တောင်ပိုင်းရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌လည်းကောင်း၊ ဇူလိုင် ၂၆ ရက် မွန်းလွဲ ၁ နာရီခွဲက လိပ်ချောင်းကျေးရွာ အုပ်ချုပ်ရေးမှူးရုံး၌လည်းကောင်း ကျင်းပသည်။

ဆွေးနွေးပွဲများတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ထိုက်၊ မြို့နယ် ငါးလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဦးလှအောင်သိန်း၊ လက်ထောက်ဦးစီးမှူး ဦးတင့်နိုင်တို့က ကျေးလက်နေပြည်သူများ၏ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအတွက် လုပ်ငန်းတူအစုအဖွဲ့များဖွဲ့စည်း၍ ဆောင်ရွက်ရေး၊ စပါးခင်းများထဲတွင် ငါးမျိုးစိုက်ထည့်ရေး လုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးကြသည်။ **(အောက်ဝဲပုံ)**

အဆိုပါအခမ်းအနားများတွင် တက်ရောက်လာကြသော ကျေးလက်ဒေသ မွေးမြူရေးနှင့် သားငါးကုန်ထုတ်လုပ်မှု တိုးတက်ရေးကော်မတီဝင်များ၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ တောင်သူဦးကြီးများက သိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

၁။ မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၊ တံခွန်တိုင်ရပ်ကွက်၊ ရေသန့်ရပ်၊ အမှတ် (၃၉/ခ)တွင် ပါတီရုံးချုပ်တည်ရှိသော **ပြည်သူ့ဒီမိုကရေစီပါတီ (People Democracy Party)** က နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၅ အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုရန် ၃-၈-၂၀၁၁ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့ လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့်တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းကအသုံးပြုမည့် ပါတီအမည်၊ အလံနှင့်တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းနည်းဥပဒေများ ၁၄(ဃ)အရ အများသိစေရန် ကြေညာအပ်ပါသည်။

ပြည်သူ့ဒီမိုကရေစီပါတီ (People Democracy Party) ၏ အလံပုံစံ



ပြည်သူ့ဒီမိုကရေစီပါတီ (People Democracy Party) ၏ တံဆိပ်ပုံစံ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

သိပ္ပံနည်းကျ ပေါင်စနစ်ဖြင့် ပျိုးထောင်နည်း ပျော်ဘွယ်မြို့၌ သရုပ်ပြ

ပျော်ဘွယ် ဩဂုတ် ၃

ရမည်းသင်းခရိုင် ပျော်ဘွယ်မြို့နယ် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၏ ဦးဆောင်မှုဖြင့် မိုးစပါးတစ်ဧက တင်း ၁၀၀ နှင့်အထက် ထွက်ရှိရေးအတွက် သိပ္ပံနည်းကျ ပေါင်စနစ်ဖြင့် ပျိုးထောင်နည်း သရုပ်ပြပွဲကို ဇူလိုင် ၂၈ ရက် ညနေ ၃ နာရီက ပျော်ဘွယ်မြို့နယ် ဝက်လက်ကျေးရွာအုပ်စု ကွင်းအမှတ်(၁၁၁)၊ ဦးပိုင်အမှတ်(၁၄၅) ရှိ တောင်သူဦးပြူးကျော်၏ မနောသုခ(မျိုးသန့်မျိုးပွား) သုံးဧက စံပြပျိုးခင်း၌ ကျင်းပသည်။ **(အောက်ပုံ)**

အဆိုပါ သရုပ်ပြပွဲသို့ ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းခိုင်၊ မြို့နယ်စီမံကိန်းမှူး ဒေါ်အေးအေးမိုး၊ မြို့နယ်စိုက်ပျိုးရေးမန်နေဂျာ ဦးမျိုးမင်းနှင့် ဝန်ထမ်းများ၊ မြို့နယ်မြေစာရင်းဦးစီးဌာန ဦးစီးအရာရှိ ဦးရဲထွန်း၊ ဆည်မြောင်းဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်ကိုကိုမင်းနှင့် စံပြကွက် စိုက်ပျိုးမည့် တောင်သူများ တက်ရောက်ကြပြီး မြို့နယ်မန်နေဂျာက သိပ္ပံနည်းကျ စိုက်ပျိုးနည်းအချက်(၁၄)ချက်ကို အသေးစိတ် ရှင်းလင်းဆွေးနွေးပြောကြားကာ မြန်မာ့စိုက်ပျိုးရေးဝန်ထမ်းများက တောင်သူလယ်သမားများအား လက်တွေ့သရုပ်ပြ စိုက်ပျိုးခဲ့ကြကြောင်း သိရှိရသည်။ **(မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း)**

ဂုဏ်ပြုဆုချီးမြှင့်

ဘီးလင်းမြို့နယ်အသင်း (၃၁)ကြိမ်မြောက် သင်းလုံးကျွတ်နှစ်ပတ်လည် အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲနှင့် (၂၈)ကြိမ်မြောက် စုပေါင်းလှူဒါန်းပွဲကို စမ်းချောင်းမြို့နယ် ကျွန်းတောလမ်းရှိ ဘီးလင်းတိုက်သစ်ကျောင်း၌ ဇူလိုင် ၃၁ရက်က ကျင်းပရာ တက္ကသိုလ်ဝင်စာမေးပွဲတွင် ငါးဘာသာ ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သော မစုစုလှိုင်အား အသင်းဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ခင်စိုး(ငြိမ်း)က ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (၀၀၇)



မြန်မာ့အလင်း
စာတည်းထံပေးစာများ

ကျူးကျော်ဆိုင်ခန်းများ ရှင်းလင်းပေးပါ

စာတည်းရှင့်-

ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် မလ္လကုန်းငွေးကြွယ်ရပ်ကွက် ဓမ္မဒါနလမ်းနှင့် ဇမ္ဗူလလမ်းထောင့်ရှိ စည်ပင်သာယာလမ်းပေါ်တွင် ကားအိတ်ဇော၊ ဆီတိုင်ကီအမျိုးမျိုးပြုပြင်ရေး၊ ကြေးဂဟေဆက်လုပ်ငန်းအပါအဝင် ကျူးကျော်ဆိုင်ခန်းများဖွင့်လှစ်လျက်ရှိရာ ပတ်ဝန်းကျင်နေထိုင်သူများ၊ လမ်းသွားလမ်းလာများ သွားလာရာတွင် အခက်အခဲဖြစ်ရပါသဖြင့် သက်ဆိုင်ရာမှ ဖယ်ရှားရှင်းလင်းပေးပါရန် တင်ပြအပ်ပါသည်။

ရပ်ကွက်သူ

ဆိုင်ခန်းများကြောင့် ရေမြောင်းပိတ်ဆို့နေ

စာတည်းခင်ဗျား-

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် အမှတ် (၈၈) ရပ်ကွက်အတွင်းရှိ ငွေဇင်ယော်လမ်းနှင့် နွယ်သာဂီလမ်းထောင့်တွင် ရေမြောင်းကိုပိတ်၍ ကျူးကျော်ဆောက်လုပ်ရောင်းချနေထိုင်လျက်ရှိသော သစ်သားဆိုက်စုံနှင့် ကုန်စုံဆိုင်များကြောင့် ရေမြောင်းပိတ်ဆို့နေပါသဖြင့် အဆိုပါကျူးကျော်ဆိုင်ခန်းကို သက်ဆိုင်ရာမှ ကြပ်မတ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

လမ်းသူ လမ်းသားများ

လှည်းကူး-ဆားတလင်းလမ်းကိစ္စ ဆောင်ရွက်ပြီးဖြစ်

၄-၄-၂၀၁၁ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာတည်းထံပေးစာပါ **လှည်းကူး-ဆားတလင်းလမ်းပြုပြင်ပေးစေချင်** ပေးစာနှင့်စပ်လျဉ်း၍ ရှင်းလင်းဆောင်ရွက်ပြီးဖြစ်ပါကြောင်း ဖော်ပြအပ်ပါသည်။ **(မြို့နယ်စည်ပင်သာယာရေးအဖွဲ့)**

သစ်တောနှင့်သစ်ပင်
ချစ်ခင်တဲ့လူမျိုး
သစ်ပင်ကို
နှစ်စဉ်စိုက်
ရွှေတိုက်ကိုစိုး

ရှင်းလင်းတင်ပြ

မကွေးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဝင်းမိုးထိုက်နှင့်အဖွဲ့ ပခုက္ကူမြို့နယ် မကျည်းသုံးပင်ကျေးရွာအုပ်စု သံဘိုကျေးရွာတွင် စည်ပင်သာယာရေးဦးစီးဌာနပိုင် စက်ရေတွင်းတူးစက်ဖြင့် ခြောက်လက်မစက်ရေတွင်းတူးဖော်နေမှုကို ဇူလိုင် ၂၄ရက်က ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးစိုးသန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဇော်မျိုးထွေးတို့ ရှင်းလင်းတင်ပြကြစဉ်။ (မြို့နယ်စည်ပင်)

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- ■ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ■ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ■ ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ■ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။

☆ RFA, DVB - သွေးထိုးနေသည်။

☆ ခလောက်ဆန် အကောက်ကြံ လေလိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

အာကာသအတွင်း အောက်ဆီဂျင်မော်လီကျူးများ သိပ္ပံပညာရှင်များတွေ့ရှိ

➤ ကောင်းမြတ်သူ - ရေးသားသည် ➤

ဝါရှင်တန် ဩဂုတ် ၃

လူသားတို့နေထိုင်ရာ ဤကမ္ဘာမြေမှ အလင်းနှစ် ၁၅၀၀ ခန့် အကွာ အလွန်နက်ရှိုင်းသော အာကာသတွင်းရှိ အော်ရီယွန်နီဘူလာ အရပ်၌ အောက်ဆီဂျင်မော်လီကျူးများကို သိပ္ပံပညာရှင်များက တွေ့ရှိခဲ့ကြောင်း အမေရိကန်အမျိုးသားလေကြောင်းနှင့်အာကာသထိန်းချုပ်ရေး အဖွဲ့(နာဆာ)က ဩဂုတ် ၁ ရက်တွင် ပြောကြားလိုက်သည်။

တွေ့ရှိ

အဆိုပါ အာကာသအတွင်း အောက်ဆီဂျင်မော်လီကျူးများကို ဥရောပ အာကာသအေဂျင်စီ၏ ဟာရှဲလ် အာကာသစောင့်ကြည့်လေ့လာရေးဌာနက ကြီးမားသော တယ်လီစကုပ်နှင့် အနီအောက်ရောင်ခြည်သုံး စမ်းသပ်ကိရိယာများ အသုံးပြုပြီးလေ့လာခဲ့ရာ တွေ့ရန်ခက်ခဲသည့် အောက်ဆီဂျင်မော်လီကျူးများကို တွေ့ရှိခဲ့ခြင်းဖြစ်သည်။

စာမျက်နှာ ၈ ကော်လံ ၄ ○

မြန်မာ့အလင်း အာကာသသိပ္ပံ



အာကာသအတွင်း အောက်ဆီဂျင်မော်လီကျူးများ ဖွဲ့စည်းတည်ရှိနေမှုကို ဟာရှဲလ်တယ်လီစကုပ်မှ မြင်တွေ့ရစဉ်။
(အင်တာနက်ဓာတ်ပုံ)

သံလွင်၊ စစ်တောင်းနှင့် ငဝန်မြစ်ရေအခြေအနေ

နေပြည်တော် ဩဂုတ် ၃

သံလွင်မြစ်ရေသည် ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ဘားအံမြို့၌ ၈၁၈ စင်တီမီတာသို့ ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက် ၆၈ စင်တီမီတာ (၂ ဒသမ ၂ ပေခန့်) ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၇၂ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် ၇၅၀ စင်တီမီတာအထက်တွင် ဆက်လက်တည်ရှိနိုင်သည်။

ဆက်လက်တည်ရှိနိုင်

စစ်တောင်းမြစ်ရေသည် ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ မဒေါက်မြို့၌ ၁၀၉၀ စင်တီမီတာသို့ ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက် ၂၀ စင်တီမီတာ (၀ ဒသမ ၇ ပေခန့်) ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၄၈ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် ၁၀၇၀ စင်တီမီတာအထက်တွင် ဆက်လက်တည်ရှိနိုင်သည်။

ငဝန်မြစ်ရေသည် ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ငါးသိုင်းချောင်းမြို့တွင် ၁၁၆၇ စင်တီမီတာသို့ ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက် ၃၇ စင်တီမီတာ (၁ ဒသမ ၂ ပေခန့်) ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၇၂ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် ၁၁၃၀ စင်တီမီတာအထက်တွင် ဆက်လက်တည်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း ယနေ့ ဖတ်စရာ၊ မှတ်စရာ



မြစ်သားမြို့နယ်၌ စပါးခင်းများအတွင်း ငါးရှဉ့်မျိုးစိုက်ထည့်။

(စာ - ၂)

အီမီလီ မုန်တိုင်း ဟေတီကို နိုင်ငံသို့ ဝင်ရောက်တိုက်ခတ်။

(စာ - ၄)



ပဲရစ် စိန့်ဂျာမိန်း ကလပ် က ဘာ ဘာ တော့ဗ်အား ခေါ်ယူရန် ကမ်းလှမ်း။

(စာ - ၇)